# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ စနေနေ့၊ အတွဲ(၄၇)၊ အမှတ် (၁၃)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ သဘောထားထုတ်ပြန်ချက်သည် ပြည်သူများ၏ဆန္ဒဖော်ထုတ်ပြသမှုနှင့်အညီသာဖြစ်သင့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူတို့နှင့်အတူ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်းဆက်လက်ဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၁၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ကြေညာချက်အမှတ် ၃/၂၀၀၇ ကို ၂၀၀၇ခုနှစ် အောက်တိုဘာလ ၁၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့**

**ကြေညာချက်အမှတ် ၃/၂၀၀၇**

**၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်**

**(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာတို့၏ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်မှုမရှိသော်လည်း (၁၁–၁၀–၂၀၀၇) ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ သဘောထားထုတ်ပြန်ချက်ကို ကြေညာခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

၂။ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်နှင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခြေခံနိုင်ငံခြားရေးမူဝါဒပင်ဖြစ်ရာ မိမိတို့၏မူဝါဒနှင့်အညီ ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

၃။ နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာ ရယူလိုက်ရပြီးနောက် ပြည်သူတို့၏ဆန္ဒနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများက ထောက်ခံကြိုဆိုလျက်ရှိကြပါသည်။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အခြေခံမှုနှင့် အသေးစိတ်အခြေခံရမည့်မူများကို နိုင်ငံတစ်ဝန်းတိုင်းရင်းသားပြည်သူများက တစ်ခဲနက်ထောက်ခံကြောင်း ဆန္ဒဖော်ထုတ်ပြသလျက် ရှိနေပါသည်။

၅။ သို့ပါ၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ သဘောထားထုတ်ပြန်ချက်သည် ပြည်သူများ၏ဆန္ဒဖော်ထုတ်ပြသမှုနှင့်အညီသာ ဖြစ်သင့်သည်ဟု ယူဆပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူတို့နှင့်အတူလက်တွဲကာ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မမှိတ်မသုန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

အမိန့်အရ

**(ပုံ) သန့်ရှင်း**
**(ဗိုလ်မှူးကြီး)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့**

# အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ စစ်ကိုင်းတိုင်း မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက်၇နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ စစ်ကိုင်းတိုင်းမှ မြို့မိမြို့ဖများက ဦးစီး၍ ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပသည်။ **(အောက်ပုံ)**

*စာမျက်နှာ ၆ ကော်လံ ၁* ●



**မြန်မာ့အလင်း ဆောင်းပါးအညွှန်း**

**ပန်းတိုင်က လက်တစ်ကမ်းမှာ**

**လူတွေကလည်း အဲဒီ ရှစ်လေးလုံးလို ဖြစ်လာမှာကို လန့်ကြတာပါ။ ၁၉၈၈ခုနှစ် အရေးအခင်းလိုဖြစ်သွားရင် အုပ်ချုပ်မှုယန္တရားရပ်တန့်သွားမယ်။ ကုန်ဈေးနှုန်းတွေ တက်လာမယ်။ လုံခြုံမှု မရှိတော့ဘူး။ ရာဇဝတ်မှုတွေ ထူပြောလာမယ်။ ကြောက်စရာကောင်းတဲ့ မင်းမဲ့စရိုက်နဲ့ အကြမ်းဖက်မှုတွေ ထူပြောလာမယ်။ ပြည်သူလူထုက ရှစ်လေးလုံးလို အဖြစ်မျိုးဖြစ်လာမှာကို မလိုချင်ဘူး။ နိုင်ငံ တည်ငြိမ်အေးချမ်းမှုရှိတာကိုပဲ ကြိုက်တယ်။**

သံအိမ့်မှူး၏ ဆောင်းပါး (စာ ၄ နှင့် ၅) တွင် ဖတ်ရှုနိုင်ပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်)

# နိုင်ငံတော်၏ အထူးစီမံကိန်းလုပ်ငန်းကြီးများ အချိန်မီ ပြီးစီးရေး ကြိုးပမ်းဖော်ဆောင်

ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးကို မျက်ခြည်ပြတ်မခံဘဲ ဒေသအလိုက် လိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးလျက် ရှိသည်။

နိုင်ငံတစ်ဝန်း တည်ဆောက်ရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိရာ ဆည်တမံကြီးများ၊ တံတားကြီးများ၊ ရေအားလျှပ်စစ်စက်ရုံများနှင့် စက်ရုံ၊အလုပ်ရုံမြောက်မြားစွာ ပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။ အဆိုပါ စီမံကိန်းများ၏ အကျိုးကျေးဇူးများကိုလည်း တိုင်းရင်းသားပြည်သူများ လက်တွေ့ခံစားနေကြရပြီ ဖြစ်သည်။

နိုင်ငံတော်တွင် ၁၉၈၈ခုနှစ်နောက်ပိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ခဲ့သော ပေ၁၈၀အထက် တံတားပေါင်း၂၀၇စင်းနှင့် တပ်မတော်၊ မြန်မာ့မီးရထား၊ လျှပ်စစ်စွမ်းအားတို့က တည်ဆောက်ခဲ့သည့်တံတားများ အပါအဝင် စုစုပေါင်း ၂၂၇စင်းရှိပြီ ဖြစ်သည်။

တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အတွက် ရှမ်းမငယ် ရေလှောင်တမံအပါအဝင် ဆည်တမံပေါင်း ၂၀၃ခုကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

အထူးစီမံကိန်းလုပ်ငန်းကြီးများသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေး မြှင့်တင်ပေးလျက်ရှိသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရမည့် စီမံကိန်းသည် ငွေကြေးပမာဏများပြားပြီး လုပ်ငန်းပမာဏကြီးမားသဖြင့် ကုန်ကျစရိတ်အနည်းဆုံးဖြစ်အောင် ခြိုးခြံချွေတာ သုံးစွဲနိုင်ရေး စီမံဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် အထောက်အကူပြု အထူးစီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ပူးပေါင်းကြိုးပမ်း ဖော်ဆောင်ကြခြင်းဖြင့် အနာဂတ်နိုင်ငံတော်သစ်အတွက် ခိုင်မာသည့်အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းရရှိလာမည်ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်း

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ် (၂)ရပ်ကွက် သာယာကုန်းလမ်း သာသနာ့ဝေပုလ္လတိုက်အုပ်ကျောင်း မိုးကုတ်ရိပ်သာအဖွဲ့ခွဲ အမှတ် (၁၇၂)တွင် ဆရာတော် ဦးကဝိသာရ ဦးစီးကျင်းပသော တရားစခန်းပွဲကို နိုဝင်ဘာ ၁ရက်မှ ၁၁ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ ဆရာတော် ဦးကေသရက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုယူ၍ ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်သိ တရားတော်များကို ဟောကြားမည် ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် အောက်တိုဘာ ၁၁ ရက်မှစ၍ ဖုန်း–၂၀၁၂၉၀သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းအထူး တရားစခန်းပွဲ

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်မြို့ ဗဟန်း အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ တစ်လနှစ်ကြိမ်ကျင်းပသော ဝါတွင်းကာလ အထူးတရားစခန်းပွဲ အောက်တိုဘာ ဒုတိယပတ်ကို သီတင်းကျွတ်လဆန်း ၆ ရက်မှ ၁၅ ရက် (အောက်တိုဘာ ၁၇ ရက်မှ ၂၆ ရက်)အထိ ကျင်းပမည်ဖြစ်သည်။

### ဟောကြားမည်

တရားစခန်းဝင်လိုသူများ အောက်တိုဘာ ၇ ရက်မှစ၍ စာရင်းပေးသွင်း ရမည် ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ အဖွဲ့ချုပ်နာယက ရွှေမြင့်မိုရ် ဆရာတော် ပိဋကတ်တစ်ပုံအောင် ဓမ္မကထိက ဗဟုဇနဟိတရေ၊ ကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တသောဘဏက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စ သမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း– ၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## ရန်ကုန်တိုင်း ကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း အောင်မြင်ရေးအောင်လံ အပ်နှင်း

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအောင်မြင်ရေး အောင်လံအပ်နှင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်း အနားကို ယမန်နေ့နံနက် ၇နာရီက ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်း လမ်းရှိအမျိုးသားကဇာတ်ရုံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ အောင်မြင်ရေး အောင်လံ ကို အပ်နှင်းသည်။

အစီအစဉ်အရ အနုပညာရှင်များ က ရန်ကုန်တိုင်း ကိုယ်စားပြု အရေး ပြိုင်ပွဲဝင်များ စုပေါင်း ရေးသားထား သော ရန်ကုန်တိုင်းအောင်လံရွှေဝန်းရံ သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းက ရန်ကုန်တိုင်း (၁၅)ကြိမ် မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များကိုယ်စား တိုင်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ဗိုလ်မှူး သိန်းနိုင်ထံသို့ အောင်မြင်ရေး အောင်လံ ကို အပ်နှင်းသည်။

### ဂုဏ်ပြုလက်မှတ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းက အမှာစကားပြောကြား ပြီး ရန်ကုန်တိုင်း (၁၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ တံခွန်စိုက်ဆုရရှိခဲ့သည့် ရန်ကုန်အရှေ့ ပိုင်းခရိုင်အား တံခွန်စိုက်ဆုကို ပေးအပ် ချီးမြှင့်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က လက်ခံပြီး တိုင်းအဆင့် ဆုရရှိသူများနှင့် ပြိုင်ပွဲ၌ အကဲဖြတ်အမှတ်ပေးဒိုင်များ အား မှတ်တမ်းတင်ဂုဏ်ပြု လက်မှတ် များ ပေးအပ်သည်။

### လက်ခံ

ထို့နောက် ရန်ကုန်တိုင်း (၁၅) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ သို့ မြန်မာနိုင်ငံ သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မာဒင်၊ မြန်မာနိုင်ငံ ဂီတ အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ ပြန်ကြားရေးမှူး ပျဉ်းမနားမြင့်လှိုင်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဦးမြင့်စိုး(ဝ/သ)တို့က ငွေကျပ် သုံးသိန်း စီနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့မှ ဒေါက်တာ တင်ထွန်းဦးက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ် လှူဒါန်းကြရာ ရန်ကုန်တိုင်း မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲမှ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ထွန်း က လက်ခံသည်။

### ယှဉ်ပြိုင်ကြမည်

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ အနုပညာရှင် ကျား ၂၇၆ ဦး၊ မ ၁၈၂ ဦး စုစုပေါင်း ၄၅၈ဦး ပါဝင်ယှဉ်ပြိုင် ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၃–၁၀–၂၀၀၇**
**(စနေနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၀ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေး တေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၁၅ | ၄။ | ကျန်းမာသုတ |
| ၁၂:၃၀ | ၅။ | ရုပ်မြင်သံကြားဇာတ်လမ်း **"ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်"** (ဇာတ်သိမ်းပိုင်း) ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို နန္ဒာလှိုင် |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | ချစ်သူစုံတွဲ တူယှဉ်နွဲ့ |
| ၄:၂၀ | ၄။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၄:၃၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၄:၄၅ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၀၀ | ၇။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၆:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၁။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၆:၄၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း–၁၅) |
| ၈:၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | မိုးလေဝသသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | လူရွှင်တော်ရွှေဖလား |
| | ၁၈။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ | EURO-2008 ခြေစစ်ပွဲ England Vs Estonia (Delay) |



**ဦးဗျန်စိန်အား ရည်စူး၍ အမှတ် ၈၀(အေ) ပထမ ထပ်(ညာ) ဓမ္မာရုံ လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် နေ ဒေါ်ရှုကြည် မိသားစုကဗဟန်း မြို့နယ် ဇီဝိတ ဒါနသံဃာ့ဆေးရုံ ကြီး သို့ ခြောက် ထပ် ဆေးရုံသစ် ကြီး နှင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး အတွက် အလှူငွေကျပ် သိန်း၁၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်နှင့် အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန်တို့ လက်ခံယူစဉ်။**

(က–ပ)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွယ်လွန်

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၂၀၀၇ခုနှစ် အောက်တိုဘာလ ၁၂ရက်နေ့ ညနေ ၅ နာရီ မိနစ်၃၀တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သတင်းရရှိပါသည်။

**(သတင်းစဉ်)**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၂၀၀၇ခုနှစ် အောက်တိုဘာလ ၁၂ရက်နေ့ ညနေ ၅နာရီ မိနစ်၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၂၀၀၇ခုနှစ် အောက်တိုဘာလ ၁၂ရက်နေ့ ညနေ ၅နာရီ မိနစ်၃၀ တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃-၁၀-၂၀၀၇ရက် (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၁၀ ၆။ တေးဂီတအစီအစဉ်
၈း၃၀ ၇။ International News
၈း၄၅ ၈။ Grammar made Easy

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ ပတ္တလားဝိညာဉ် အောင်ပြည့်၊စောနိုင်(ရှမ်းပြည်)၊ ညီကျော်၊ဂွမ်းပုံကြီး၊ခင်ဦးသာ ဒါရိုက်တာ-ထူးအောင်(မြမြင်းမိုရ်)
၁၂း၂၅ ၆။ **၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်(မဟာဂီတ ဆွေးနွေးခန်း)**
၁၂း၅၀ ၇။ အဆိုပြိုင်ပွဲ
၁၃း၀၀ ၈။ ဆင်းရွှေလီစပါး (အပိုင်း-၁)
၁၃း၁၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၃း၃၀ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၃း၄၅ ၁၁။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၁၄း၀၀ ၁၂။ အတီးပြိုင်ပွဲ
၁၄း၁၅ ၁၃။ (၂၄)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ပိုက်ကျော်ခြင်း)
၁၄း၃၀ ၁၄။ တေးဂီတအစီအစဉ်
၁၄း၄၅ ၁၅။ International News

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ ဆောင်းပါးရှင် ဇော်မျိုးဇော်၏ ကိုယ့်တာဝန်ကိုယ်ကျေရမယ်
၁၆း၃၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၁၆း၅၅ ၅။ နားဝင်ပီယံသူ့လက်သံ
၁၇း၀၀ ၆။ **၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ)အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊အမျိုးသမီး)**
၁၇း၁၅ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၁၇း၃၀။ ၈။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၁၉း၀၀ ၁၂။ (၂၄)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ဘိလိယက်နှင့်စနူကာ)
၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"**(အပိုင်း-၆၆)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်စရာ့ပျိုကညာ"** (အပိုင်း-၁၁)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၁၀-၂၀၀၇ (စနေနေ့)**

**AM & PM**

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅ "သံယောဇဉ်ဖြတ်မှနိဗ္ဗာန်ရ" တရားတော် အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈း၀၅ - ၂း၀၅ မင်္ဂဖိုလ်နိဗ္ဗာန်စိတ်သန်ရည်ရှူး တရားထူး
၈း၃၅ - ၂း၃၅ တေးဂီတအစီအစဉ်
၈း၄၀ - ၂း၄၀ ထိမ်းမြားလက်ထပ်ပြီးစီးခြင်း [ကိုနိုင်(N.V.G)နှင့် မယဉ်ယဉ်မြ]
၈း၅၅ - ၂း၅၅ သီးနှံစိုက်ပျိုးအထွက်တိုး "အရှိန်အဟုန်မြှင့်ရမည့် စက်မှုလယ်ယာကူးပြောင်းရေး"
၉း၀၀ - ၃း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀ - ၃း၃၀ ပြည်တွင်းသတင်းအကျဉ်း
၉း၄၀ - ၃း၄၀ တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀ မှောင်သော်လည်း လင်းနိုင်စွမ်းရှိသူများ
၁၀း၀၀ - ၄း၀၀ တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ - ၄း၁၀ တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၂၅ - ၄း၂၅ မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀ တစ်ခဏသူနှင့်ထာဝရသူ၏
၁၁း၀၀ - ၅း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀ နပျိုလန်းဆန်း Organic Green Tea အစွမ်း
၁၁း၄၀ - ၅း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀ မျက်စိကုသခြင်းအလှူဒါန
၁၂း၀၀ - ၆း၀၀ တေးဂီတအစီအစဉ်
၁၂း၀၅ - ၆း၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ(သံယောဇဉ်နှောင်ကြိုးလေးတစ်မျှင်)
၁၂း၃၅ - ၆း၃၅ တေးဂီတအစီအစဉ်
၁၂း၄၅ - ၆း၄၅ Movie Mistakes (Gladrator)
၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**EURO Qualifiers ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၂၀ | England-Estonia | Star Sports (Live) |

## ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ကော့သောင်းနယ်စပ် ကုန်သွယ်ရေးစခန်း၏ ပို့ကုန်မြှင့်တင်ရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁ရက် မွန်းလွဲ၁နာရီက နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကော့သောင်းကုန်သည်ကြီးများအသင်း၊ လုပ်ငန်းရှင်ကုန်သည်များ၊ ပို့ကုန်သွင်းကုန် ဆောင်ရွက်နေသည့် ကိုယ်စားလှယ်များ စုစုပေါင်း ၃၃ဦး တက်ရောက်ကြသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းတင့်က ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏလျာထားချက်ပြည့်မီရေး၊ ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေး၊ တရားမဝင်မှောင်ခိုရောင်းဝယ်မှုများလျော့နည်းပပျောက်ရေး၊ ဌာနဆိုင်ရာများနှင့် ဒေသခံကုန်သည်လုပ်ငန်းရှင်ကြီးများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများက ဒေသထွက်ကုန် ငါး၊ပုစွန်များကို မြှင့်တင်ပို့နိုင်ရေးအား ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တွံတေးအရှင်ကုန္ဒကတရားပွဲ

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကင်းမြို့ မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် သီတင်းကျွတ်လဆန်း ၈ရက် (အောက်တိုဘာ ၁၉ရက်) သောကြာနေ့ မွန်းလွဲ၂နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) သီရိမင်္ဂလာ မဟာစည် သာသနာ့ရိပ်သာ ဓမ္မကထိက ဗဟုဇန ဟိတရေ တွံတေးအရှင်ကုန္ဒက ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ပြီး တပည့် ဒါယကာ ဒါယိကာမများက သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်စသည့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ **(က-ပ)**

## အင်းတကော်မြို့ (အနောက်) စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်တရားစခန်းပွဲ

**ရန်ကုန် အောက်တိုဘာ ၁၂**

အင်းတကော်မြို့(အနောက်) စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယ(ဆရာတော် ဦးမဟာနာမ်) ဆရာတော်၏ ဩဝါဒကိုခံယူ၍ အောက်တိုဘာ ၁၆ရက်(သီတင်းကျွတ်လဆန်း ၅ရက်)မှ အောက်တိုဘာ ၂၅ရက် (သီတင်းကျွတ်လဆန်း ၁၄ရက်) အထိ စွန်းလွန်းဂူဝိပဿနာ တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

လူဦးရေ ကန့်သတ်ထားပါသဖြင့် တရားစခန်းဝင်လိုသူ ယောဂီများနှင့် လှူဒါန်းလိုသူ စေတနာရှင်များသည် ဆရာတော် ဖုန်း-၀၉-၅၀၀-၀၃၁၃၊ ဦးသန်းညွန့် ဖုန်း-၀၁-၅၇၂၉၂၈၊ ဦးအေးလွင် ဖုန်း-၀၁-၅၇၇၀၂၉၊ ဦးထွန်းအေး ဖုန်း-၀၁-၅၆၁၆၃၇နှင့် ဦးတိတ် ဖုန်း-၀၁-၅၇၃၁၅၁ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း နှိုးဆော်ဖိတ်ကြားထားသည်။ **(က-ပ)**

## ဖွံ့ဖြိုးသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်းထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၁၂**

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ကျင်းပသော **ဖွံ့ဖြိုးသာယာပြည်မြန်မာ** ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ဆုများအကဲဖြတ် စိစစ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၀ရက် မွန်းတည့်၁၂နာရီတွင် အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များက ဆုရွေးချယ်စိစစ်အကဲဖြတ်ကြသည်။ **(အောက်ပုံ)**

ဖွံ့ဖြိုးသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ပြိုင်ပွဲဝင် ဓာတ်ပုံပညာရှင် ၃၄ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၁၄၈ပုံဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆု ဦးညွန့်ကြည်၊ ဒုတိယဆု စစ်ကိုင်း အောင်ကျော်တင်(တင်မောင်ဓာတ်ပုံ)နှင့်တတိယဆု A.K.MOE (သတ္တဗေဒ)တို့ကရရှိကာ အထူးဆုများအဖြစ် A.K.MOE (သတ္တဗေဒ)၊ ဦးညွန့်ကြည်၊ စိုင်းခမ်းလင်း (Hawk Eyes)၊ တက္ကသိုလ်ဟန်မင်းဦး၊ ဦးစောသိန်းဝင်း (မြို့တော်သတင်း)၊ နိုင်နိုင်ထွန်း၊ ဖရန်ကီထွန်းတင်တို့က အသီးသီးရရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



13-10 (03) 1 10/13/07, 2:27 AM

# ပန်းတိုင်က လက်တစ်ကမ်းမှာ

သံအိမ်မှူး

အခုဖြစ်ပေါ်ခဲ့တဲ့ အဖြစ်အပျက်တွေပေါ်မှာ လူတွေဟာ တော်တော်လေး စိုးရိမ်မကင်း ဖြစ်နေခဲ့ကြပါတယ်။ ကျီးလန့်စာစား အခြေအနေမျိုးပါပဲ။ BBC, VOA, RFA နဲ့ DVB တို့ကလည်း အင်တာဗျူးအမျိုးမျိုး၊ သတင်းပေးပို့ချက်အမျိုးမျိုး၊ သုံးသပ်ချက်အမျိုးမျိုးတွေနဲ့ အသံလွှင့်နေလိုက်ကြတာ အားမရနိုင်လွန်းလို့ အချိန်တွေ တိုးပြီးလွှင့်တဲ့သူက လွှင့်၊ လွှင့်ပြီးသားကိုပဲ ထပ်ခါထပ်ခါ လွှင့်တဲ့သူက လွှင့်နဲ့ ဒါဟာ အကွက်ကောင်းပဲလို့ထင်နေကြတာပါ။ ဆန္ဒပြသူတွေက လက်လျှော့မှာမဟုတ်ဘူး။ ကျောင်းသားတွေ ပါဖို့လိုတယ်။ ကျောင်းသားတွေ ပါလာပြီ။ ဝန်ထမ်းတွေ ပါဖို့လိုတယ်။ စစ်တပ်ထဲမှာ သဘောထားကွဲလွဲမှုတွေ ရှိနေပြီ။ စစ်တပ်ကပါ ဆန္ဒပြသူတွေဘက်က ရပ်တည်သင့်တယ်။ စစ်အစိုးရဟာ အစွမ်းကုန် ရက်စက်ကြမ်းကြုတ်စွာနဲ့ ဖိနှိပ်နေပြီ။ အထွေထွေသပိတ်ကြီးလုပ်မှ ဖြစ်တော့မယ် ဆိုတာတွေကို ထပ်နေအောင် လွှင့်ကြပါတယ်။ အဓိကကတော့ အထွေထွေသပိတ်ကြီးဖြစ်အောင် လုပ်၊ ရှစ်လေးလုံးလိုလုပ်ဆိုပြီး ဩဇာပေးနေတာပါ။

**လူတွေကလည်း အဲဒီရှစ်လေးလုံးလိုဖြစ်လာမှာကို လန့်ကြတာပါ။ ၁၉၈၈ ခုနှစ် အရေးအခင်းလိုဖြစ်သွားရင် အုပ်ချုပ်မှုယန္တရား ရပ်တန့်သွားမယ်။ ကုန်ဈေးနှုန်းတွေ တက်လာမယ်။ လုံခြုံမှုမရှိတော့ဘူး။ ရာဇဝတ်မှုတွေ ထူပြောလာမယ်။ ကြောက်စရာကောင်းတဲ့ မင်းမဲ့စရိုက်နဲ့ အကြမ်းဖက်မှုတွေ ထူပြောလာမယ်။ ပြည်သူလူထုက ရှစ်လေးလုံးလိုအဖြစ်မျိုး ဖြစ်လာမှာကို မလိုချင်ဘူး။ နိုင်ငံတည်ငြိမ် အေးချမ်းမှု ရှိတာကိုပဲ ကြိုက်တယ်။ အေးအေးဆေးဆေး လုပ်ကိုင်စားသောက်နေရရင် ကျေနပ်တယ်။ ကုန်ဈေးနှုန်းတက်တာကိုလည်း မကြိုက်ဘူး။**

ဒီအချိန်မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ ရောက်လာတယ်။ နိုင်ငံတော်အကြီးအကဲကို ဂါရဝပြုတွေ့ဆုံတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နှစ်ကြိမ်တွေ့တယ်။ ဒီသတင်းတွေကြောင့် ပြည်သူအများ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။ ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၄) ရက်နေ့မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရဲ့ ကြေညာချက် အမှတ် ၁/၂၀၀၇ ထွက်လာတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည် လုပ်နေတဲ့ ထိပ်တိုက်ရင်ဆိုင်ရေး (Confrontation)၊ အလုံးစုံပျက်သုဉ်းရေး (Utter devastation)၊ စီးပွားရေးအဆက်အသွယ် ဖြတ်တောက်ရေး အပါအဝင် အလုံးစုံပိတ်ဆို့ရေးဆိုတဲ့ အချက်လေးချက်ကိုသာ သူမ အနေနဲ့ စွန့်လွှတ်ကြောင်း ကြေညာရင် ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် သူမနဲ့ တိုက်ရိုက်တွေ့ဆုံ စကားပြောမယ်လို့ မစ္စတာဂမ်ဘာရီကို ပြောဆို မှာကြားလိုက်ပါတယ်။

ဒီကြေညာချက်ထွက်လာတာနဲ့ ဆူပူအုံကြွမှုတွေ သိသိသာသာ ငြိမ်သက်သွားပါတယ်။ မလျှော့နဲ့၊ ဆူကြဟဲ့၊ ပူကြဟဲ့နဲ့ အမျိုးမျိုး သွေးထိုးမြှောက်ပင့်နေတဲ့ကြားက ငြိမ်သက်သွားတာပါ။ ဒါဟာ လူတွေရဲ့ ဆန္ဒနဲ့ ကိုက်ညီနေလို့ပါ။

ကာယကံရှင် ဒေါ်အောင်ဆန်းစုကြည်က ဘာမှ မပြောရသေးဘူး၊ NLD ပြောခွင့်ရပုဂ္ဂိုလ်က ဒါဟာ မဖြစ်နိုင်ဘူး၊ ဒေါ်အောင်ဆန်းစုကြည်ကို အပြစ်ရှိကြောင်း ဝန်ခံရာရောက်စေလိမ့်မယ်လို့ အင်တာဗျူးလုပ်ပြီး အသံလွှင့်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကိစ္စကို တစ်ယောက်တည်းဆုံးဖြတ်ခွင့် မရှိဘူး။ NLD ခေါင်းဆောင်ဖြစ်လို့ အလုပ်အမှုဆောင်တွေ ဘာတွေနဲ့ တိုင်ပင်ရဦးမယ်လို့ ပြောတာလည်း ရှိပါတယ်။ အစိုးရဟာ တွေ့ဆုံ ဆွေးနွေးရေးကို ကြိုတင်စည်းကမ်းချက်တွေ မထားသင့်ဘူး ဆိုတာမျိုး၊ အပေါ်စီးယူတယ်၊ အချိန်ဆွဲတယ် ဆိုတာမျိုးတွေ ပလူပျံအောင် ထွက်ပေါ်လာပါတယ်။ အဓိပ္ပာယ်ကတော့ လက်မခံဖို့ တိုက်တွန်းနေတာပါ။

နိုင်ငံတော်အကြီးအကဲပြောတာက ရှင်းရှင်းလေးပါ။

**ထိပ်တိုက်ရင်ဆိုင်ရေးဆိုတာ ဘာလဲ။ အစိုးရနဲ့ ရင်ဆိုင်ပြီး တိုက်နေတာလေ။ ထိပ်တိုက်ရင်ဆိုင်ရေးရဲ့ ဆန့်ကျင်ဘက်က တွေ့ဆုံ ဆွေးနွေးရေးပဲ မဟုတ်လား။ တစ်ချိန်လုံး တောင်းဆို နေခဲ့တဲ့အထဲမှာ တွေ့ဆုံဆွေးနွေးရေးဟာ ထိပ်ဆုံးမှာရှိနေတယ် မဟုတ်ဘူးလား။ တစ်ကမ္ဘာလုံးကလည်း တွေ့ဆုံဆွေးနွေးပြီး ဖြေရှင်းပါလို့ ဆိုတယ် မဟုတ်လား။ ထိပ်တိုက်ရင်ဆိုင်ရေးဟာ ကြက်ဥနှစ်လုံး အချင်းချင်း ထုသလို နှစ်ဖက်စလုံး ဒုက္ခရောက်မယ့် လမ်းကြောင်းပဲ။ ထိပ်တိုက်ရင်ဆိုင်ရေးရဲ့ အဓိပ္ပာယ်ဟာ အစိုးရကို အပြင်းအထန် ဆန့်ကျင်ရေး၊ သေနတ်သာ မကိုင်တယ်၊ နိုင်ငံရေးပဋိပက္ခ အစွမ်းကုန် ဖြစ်ပွားရေးပါပဲ။ တစ်ယောက်ယောက်က အနိုင်မရမချင်း ပြည်သူလူထု ဒုက္ခရောက်နေမှာပါ။ နိုင်ငံတော် အကြီးအကဲက ပြည်သူလူထု အပေါ် စာနာထောက်ထားလို့ ပြည်သူလူထုရဲ့အကျိုးကို မျှော်ကိုးပြီး ဒီအချက်ကို တောင်းဆိုလိုက်တာပါ။**

အလုံးစုံပျက်သုဉ်းရေးဆိုတာ ဘာလဲ။

အာဏာလွှဲပေးမလား၊ အလုံးစုံပျက်သုဉ်းရေးကို သွားမလား ဆိုတာ ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တာပါ။ အခုတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ထိပ်တိုက်ရင်ဆိုင်ရေးတို့၊ အလုံးစုံပျက်သုဉ်းရေးတို့ကို ဘယ်တုန်းကမှ မလုပ်ခဲ့ပါဘူးလို့ VOA က အသံလွှင့်သွားပါတယ်။ ဒါဆိုရင် ဒီနှစ်ချက်ကို စွန့်လွှတ်ပြီးသားလို့ ယူဆရမလား။ စဉ်းစားရ တော်တော်ခက်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

**အလုံးစုံပျက်သုဉ်းရေးဆိုမှတော့ ဘာတစ်ခုမှ အကောင်းမကျန်တော့ဘူးပေါ့။ ဒါဟာ ဘာလဲဆိုတော့ ပျက်စီးခြင်းငါးပါး ဆိုက်တာ။ တိုက်ရိုက်ပြောမှ သဘောပေါက်မယ်ဆိုရင် နိုင်ငံတော် ပြိုကွဲသွားတာကို ပြောတာ။**

**စီးပွားရေးပိတ်ဆို့တော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံသူတွေ နောက်ဆုတ်သွားရတယ်။ မြန်မာနိုင်ငံမှာ လာဖွင့်ထားတဲ့ စက်ရုံ၊ အလုပ်ရုံတွေ ပိတ်လိုက်ရလို့ လူတွေသိန်းနဲ့ချီပြီး အလုပ်လက်မဲ့ဖြစ်ရတယ်။ မြန်မာနိုင်ငံက ရောင်းတဲ့ကုန်တွေ မဝယ်ကြလို့ စီးပွားရေးကျဆင်းတယ်။ မြန်မာနိုင်ငံက ဝယ်စရာရှိတဲ့ ကုန်တွေကိုလည်း မရောင်းကြတဲ့အတွက် ကမ္ဘာ့မှောင်ခိုဈေးကွက်က ဝယ်ရတယ်။ ပွဲစားကတစ်ဆင့် ဝယ်ရတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စပ်ကုန်သွယ်ရေးတွေ ရှိနေလို့သာ တော်တော့တယ်။ စီးပွားရေး ဒဏ်ခတ်မှုကြောင့် မြန်မာတိုင်းရင်းသားပြည်သူတွေ လုပ်စားစရာကို မရှိတော့ဘူး။**

**အလုံးစုံ ပိတ်ဆို့ရေးဆိုတာကရော ဘာလဲ။ မြန်မာနိုင်ငံကို အထီးကျန်ဖြစ်အောင် တစ်ကမ္ဘာလုံးက အဆက်အသွယ် ဖြတ်တောက်ဖို့ပါ။ ဘာအကူအညီမှ မပေးဖို့ပါ။ ဒီအထဲမှာ ပြည်ပစွက်ဖက်မှုတွေလည်း ပါပါတယ်။ ပြည်ပစွက်ဖက်မှုတွေဟာ များသောအားဖြင့် တိုင်းပြည်ကို ပျက်စီးရာပျက်စီးကြောင်းတွေပဲ ဖြစ်ပေါ်စေပါတယ်။ ဒါဟာ အယူအဆလွဲ၊ အထင်အမြင်လွဲစေတဲ့ ဝါဒဖြန့်ချိမှုတွေကြောင့်ပါ။**

**ထိပ်တိုက်ရင်ဆိုင်ရေးဆိုတာ ဘာလဲ။ အစိုးရနဲ့ ရင်ဆိုင်ပြီး တိုက်နေတာလေ။ ထိပ်တိုက်ရင်ဆိုင်ရေးရဲ့ ဆန့်ကျင်ဘက်က တွေ့ဆုံဆွေးနွေးရေးပဲ မဟုတ်လား။ တစ်ချိန်လုံး တောင်းဆိုနေခဲ့တဲ့အထဲမှာ တွေ့ဆုံဆွေးနွေးရေးဟာ ထိပ်ဆုံးမှာရှိနေတယ် မဟုတ်ဘူးလား။ တစ်ကမ္ဘာလုံးကလည်း တွေ့ဆုံဆွေးနွေးပြီး ဖြေရှင်းပါလို့ ဆိုတယ်မဟုတ်လား။ ထိပ်တိုက်ရင်ဆိုင်ရေးဟာ ကြက်ဥနှစ်လုံး အချင်းချင်းထုသလို နှစ်ဖက်စလုံး ဒုက္ခရောက်မယ့် လမ်းကြောင်းပဲ။ ထိပ်တိုက်ရင်ဆိုင်ရေးရဲ့ အဓိပ္ပာယ်ဟာ အစိုးရကို အပြင်းအထန် ဆန့်ကျင်ရေး၊ သေနတ်သာ မကိုင်တယ်၊ နိုင်ငံရေး ပဋိပက္ခ အစွမ်းကုန်ဖြစ်ပွားရေးပါပဲ။ တစ်ယောက်ယောက်က အနိုင်မရမချင်း ပြည်သူလူထု ဒုက္ခရောက်နေမှာပါ။**




တောင်ဥက္ကလာမြို့နယ် ပါရမီလမ်း အမှတ်(၁)ကျောင်းတိုက် ဝံသပါလကျောင်းမှ ဆရာတော် ဦးဇဝနက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ လစဉ်လှူဒါန်းရာ အောက်တိုဘာ ၂ရက်အထိ လှူဒါန်းငွေကျပ် ၁၃၂၃၀၀၀ ကို နာယက ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း)ထံ လှူဒါန်းရာ ဂုဏ်ပြုလွှာ ပြန်လည်ဆက်ကပ်စဉ်။ (က-ပ)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၇ ခုနှစ် အောက်တိုဘာလအတွက်**

**(၁၄-၁၀-၂၀၀၇)ရက်နေ့နှင့် (၂၈-၁၀-၂၀၀၇)ရက်နေ့**

## နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

၂၀၀၇ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၁၉ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည် ဖြစ်သည်။

**ထုတ်ပြန်ကြေညာ**

၂၀၀၇ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများသည် ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နှင့် နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ မြန်မာကွန်ဗင်းရှင်းစင်တာတို့တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီက ထုတ်ပြန်ကြေညာထားသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားဇာတ်ကားသစ် ရုံဝင် ပြသဆဲဇာတ်ကားများ ဆက်လက်ပြသ

**ရန်ကုန် အောက်တိုဘာ ၁၂**

ယခုအပတ် ရုပ်ရှင်ကဏ္ဍတွင် နိုင်ငံခြားဇာတ်ကားသစ် Primeval ဇာတ်ကား ရုံဝင်လာသည်။

**Primeval ဇာတ်ကား**

Dominic Purcell, Brooke Langton,Orlando Jones, Jurgen Prochnow တို့ ပါဝင်ထားသော Primeval ဇာတ်ကား သမ္မတရုံတွင် တင်ဆက်ထားသည်။

ဤဇာတ်ကားတွင် လူရာချို၍ သတ်ဖြတ်ခဲ့သည့် ဂုစတပ်(ဗ်)အမည်ရှိ မိကျောင်းကြီးကို သတင်းရိုက်ကူးပြီး အမိအရလက်ရဖမ်းရန်အတွက်သတင်းရုပ်သံဌာန NNC မှ အမှုထမ်းများအား တာဝန်ပေးခဲ့သည်။

ထိုမိကျောင်း ကျက်စားသည့် နေရာကို သွားရောက်ရှာဖွေပြီး အရှင်ဖမ်းရန် ကြိုးစားစဉ် အသက်ဘေးမှ သီသီလေးလွတ်အောင်ကြိုးစားလှုပ်ရှားခဲ့ရမှုကို အသားပေးရိုက်ကူးထားသော စိတ်ဝင်စားဖွယ် ဇာတ်လမ်းကောင်းတစ်ပုဒ်ဖြစ်သည်။

နေပြည်တော်ရုံတွင် Shia Labeouf, Josh Duhamel Anltany Andersmတို့ ပါဝင်သော Transformersဇာတ်ကား ပြသလျက်ရှိသည်။ မင်္ဂလာရုံတွင် The Promise ကို ပရိသတ်များ အားပေးမှုအရ

**သံချောင်း ဇာတ်ကားမှ ထွန်းထွန်း။**



**ရုပ်ရှင်သတင်းထောက်**

ဆက်လက်ပြသထား ပြီး ရွှေဆောင်ရုံ၌ AAhဇာတ်ကား တင်ဆက်ထားသည်။

ပင်လယ်ဓားပြများ ကြီးစိုးမှုကို အခြေခံရိုက်ကူးထားသည့် Pirates of the Caribbean-3 At Worlds End ဇာတ်ကား ရုံတင်ထားသည်။

**ဗုဒ္ဓဝင် အင်္ဂုလိမာလ**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ရတနာပုံအဆင့်မြင့်ရုပ်ရှင်ရုံကြီးတွင် ဗုဒ္ဓမြတ်စွာဘုရားရှင် ဖွားမြင်တော်မူသော နီပေါနိုင်ငံမှ ရိုက်ကူးတင်ဆက်သည့် ဗုဒ္ဓဝင် အင်္ဂုလိမာလ (Angulimala) အဆင့်မြင့် ဗီဒီယိုဇာတ်ကားကြီးကို အောက်တိုဘာ ၁၂ ရက်မှ ပထမဆုံးစ၍ ပြသသည်။

ပွဲချိန်များမှာ ၁၁း၀၀နာရီမှ ၂း၀၀ နာရီ၊ ၅း၀၀ နှင့် ၇း၀၀ နာရီတိတိ ဖြစ်သည်။

ဆာ့လ်မန်ခန်း၊ အရှေးကူးမားတို့ အဓိက ပါဝင်သည့်Mujhoe Shaadi Karogiဇာတ်ကား ဘုရင့်ရုံတွင် ပြသလျက်ရှိသည်။ ဆုထူးပန်ရုံတွင်Kahin Pyaar Na Ho Jaaye အချစ်ဇာတ်မြူးကား ရုံဝင်လာသည်။

**ကိုးဆယ်ဆ သာလိမ့်မယ်**

ရန်အောင်၊ ကျော်ရဲအောင်နှင့် နန္ဒာလှိုင်တို့ပါဝင်သည့် **ကိုးဆယ်ဆ သာလိမ့်မယ်** ဇာတ်ကား၊ မြို့လယ် ဝဇီရာရုံတွင် အောင်ပွဲခံလျက်ရှိသည်။

**သံချောင်း ဇာတ်ကား**

ထွန်းထွန်း ပါဝင်သရုပ်ဆောင်ထားသည့် **သံချောင်း** ဇာတ်ကား၊ အောက်တိုဘာ ၂၆ ရက်တွင် နဝဒေးနှင့် မဟာမြိုင်ရုံများ၌ ရုံတင်မည်ဟု သိရသည်။

မြို့မရုပ်ရှင်ရုံတွင် Akshay Kumar, Sunil Shetty တို့ ခေါင်းဆောင် ပါဝင်ထားသော Awara Paagal,Deewanaဇာတ်ကား ရုံဝင်လာသည်။

**King Kong Lives**

ရွှေဂုန်ရုံအပေါ်ထပ်တွင် King Kong Livesဇာတ်ကားရုံဝင်လာပြီး မြေညီထပ်တွင် ဂျိမ်းစ်ဘွန်းမင်းသား Roger Moore ပါဝင်သော Octopussy ဇာတ်ကား ရုံဝင်လာသည်။ **(မြန်မာ့အလင်း)**

## မိတ္ထီလာ မိုးကုတ်ရိပ်သာ မိုးကုတ်ဆရာတော်ကြီးခန္ဓာဝန်ချပွဲနှင့် ကထိန်

**ရန်ကုန် အောက်တိုဘာ ၁၂**

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၁၂၉)၏ မိုးကုတ်ဆရာတော်ကြီး၏ ခန္ဓာဝန်ချပွဲနှင့် ကထိန် အလှူ မင်္ဂလာပွဲကို သီတင်းကျွတ် လပြည့်ကျော် ၄ ရက် (အောက်တိုဘာ ၃၀ ရက်)တွင် ကျင်းပမည်ဖြစ်ရာ ကထိန်သင်္ကန်းလှူဒါန်းလိုသူများ ဖုန်း-၀၆၄-၃၅၂၄၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ခန္ဓာဝန်ချကထိန် အနုမောဒနာတရားကို ရိပ်သာပဓာနနာယက ကျောင်းသစ်ကျောင်းဆရာတော် မိတ္ထီလာဆရာတော် ကမ္မဋ္ဌာနာ စရိယဘဒ္ဒန္တပညာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)



အမှတ် ၃၆ နှင်းဆီလမ်း ပါရမီ ရန်ကင်းမြို့နယ်နေ ဗိုလ်မှူး စိုးကြည်-ဒေါ်သူဇာနေထွန်း၊ သား မောင်ကောင်းထက်ဦး၊ သမီး သင်းမြတ်လင်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးနှင့် ငွေပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။ (က-ပ)

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

**အလုံးစုံပျက်သုဉ်းရေးဆိုမှတော့ ဘာတစ်ခုမှ အကောင်းမကျန်တော့ဘူးပေါ့။ ဒါဟာ ဘာလဲဆိုတော့ ပျက်စီးခြင်းငါးပါးဆိုက်တာ။ တိုက်ရိုက်ပြောမှ သဘောပေါက်မယ်ဆိုရင် နိုင်ငံတော်ပြိုကွဲသွားတာကို ပြောတာ။ ဒေါ်အောင်ဆန်းစုကြည်သာ ဒီမိုကရေစီကို တကယ်လိုလားရင် ဒါကိုလက်ခံမှာပါ။ တိုင်းပြည်အပျက်စီးမခံဘဲ အလွယ်တကူ စွန့်လွှတ်လိုက်မှာပါ။ ဒါကို ဘာကြောင့် လက်မခံနဲ့လို့ နှုတ်ကြောင်းပေးနေရတာလဲ။**

**စီးပွားရေးပိတ်ဆို့တာ အစိုးရထက် ပြည်သူလူထုကိုပဲ ဒုက္ခပိုရောက်စေပါတယ်။ အစိုးရက ဈေးကွက်စီးပွားရေးကို ကျင့်သုံးနေတယ်။ ရာနှုန်းပြည့် လွှတ်ပေးလို့မရသေးလို့ ထိန်းထားတာတွေရှိပေမယ့် လူတွေလွတ်လွတ်လပ်လပ် စီးပွားရှာနိုင်တယ်။ စီးပွားရေးပိတ်ဆို့တော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံသူတွေ နောက်ဆုတ်သွားရတယ်။ မြန်မာနိုင်ငံမှာ လာဖွင့်ထားတဲ့ စက်ရုံ၊ အလုပ်ရုံတွေ ပိတ်လိုက်ရလို့ လူတွေသိန်းနဲ့ချီပြီး အလုပ်လက်မဲ့ဖြစ်ရတယ်။ မြန်မာနိုင်ငံက ရောင်းတဲ့ကုန်တွေ မဝယ်ကြလို့ စီးပွားရေးကျဆင်းတယ်။ မြန်မာနိုင်ငံက ဝယ်စရာရှိတဲ့ ကုန်တွေကိုလည်း မရောင်းကြတဲ့အတွက် ကမ္ဘာ့မှောင်ခို ဈေးကွက်က ဝယ်ရတယ်။ ပွဲစားကတစ်ဆင့် ဝယ်ရတယ်။ အိမ်နီးချင်း နိုင်ငံတွေနဲ့ နယ်စပ်ကုန်သွယ်ရေးတွေ ရှိနေလို့သာတော်တော့တယ်။ စီးပွားရေးဒဏ်ခတ်မှုကြောင့် မြန်မာတိုင်းရင်းသားပြည်သူတွေ လုပ်စားစရာကို မရှိတော့ဘူး။ ကုန်ဈေးနှုန်းတက်တာ ဘာကြောင့်လဲ။ နိုင်ငံခြားဖြစ် ပစ္စည်းတွေရှားကုန်တာ၊ ဈေးကြီးတာ ဘာကြောင့်လဲ။ မြန်မာနိုင်ငံက ထွက်ကုန်တွေ ရောင်းမရတာ၊ ဈေးနှိမ်ခံရတာ ဘာကြောင့်လဲ။ စီးပွားရေးဒဏ်ခတ်မှုကြောင့်ပေါ့။** ပြည်သူတွေ ခါးကော့အောင် နစ်နာနေလို့ နိုင်ငံတော်အကြီးအကဲက ဒီအချက်ကို တောင်းဆိုတာပါ။

**အလုံးစုံ ပိတ်ဆို့ရေးဆိုတာကရော ဘာလဲ။ မြန်မာနိုင်ငံကို အထီးကျန်ဖြစ်အောင် တစ်ကမ္ဘာလုံးက အဆက်အသွယ် ဖြတ်တောက်ဖို့ပါ။ ဘာအကူအညီမှ မပေးဖို့ပါ။ ဒီအထဲမှာ ပြည်ပစွက်ဖက်မှုတွေလည်း ပါပါတယ်။ ပြည်ပစွက်ဖက်မှုတွေဟာ များသောအားဖြင့် တိုင်းပြည်ကို ပျက်စီးရာပျက်စီးကြောင်းတွေပဲ ဖြစ်ပေါ်စေပါတယ်။ ဒါဟာ အယူအဆလွဲ၊ အထင်အမြင် လွဲစေတဲ့ ဝါဒဖြန့်ချိမှုတွေကြောင့်ပါ။**

နိုင်ငံတော်က ဒီအချက်(၄)ချက်ကို တောင်းဆိုတာဟာ ပြည်သူလူထုအတွက် တောင်းဆိုရတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂတပ်တွေ ဝင်လာဖို့ကောင်းပြီ၊ အမေရိကန် ဦးဆောင်တဲ့တပ်တွေ ဝင်လာဖို့ကောင်းပြီ ဆိုတာမျိုးတွေ အသံကုန် အော်ဟစ်နေကြတဲ့ သူတွေဟာ ကိုယ့်တိုင်းပြည်ကို သူများလက်ထဲ ထိုးအပ်ဖို့ ကြိုးစားနေတဲ့၊ ကျွန်စိတ်ပေါက်နေတဲ့ ပုဆိန်ရိုး သစ္စာဖောက်တွေမို့လို့ပါ။ ဒါ ဘာကြောင့်လဲ။

**ပုဆိန်ရိုးတွေဟာ သူတစ်ပါးကပေးကမ်းတဲ့ မစို့မပို့ ဒေါ်လာလေးနဲ့ ကိုယ့်အမိမြေရဲ့ အကျိုးစီးပွား ပျက်စီးရာပျက်စီး ကြောင်းကို မရှက်မကြောက် လုပ်ဆောင်နေကြတယ်။ အဲဒီ မျိုးဖျက်သစ္စာဖောက်တွေရဲ့ အဆုံးသတ်နိဂုံးဟာ ဘယ်တော့မှ ကောင်းလိမ့်မယ် မဟုတ်ဘူးဆိုတာ လူတိုင်းသိပါတယ်။**

**ဘာပဲဖြစ်ဖြစ် ပြည်တွင်း ပြည်ပက အဖျက်သမားတွေဟာ နည်းမျိုးစုံနဲ့ ပြည်သူလူထုကို အသုံးချဖို့ အကွက်စောင့်ပြီးကြံစည်နေမှာပါပဲ။**

**ကိုယ်က သူ့လှည့်ကွက်ထဲမဝင်ရင် အဖျက်သမားတွေ တဖြည်းဖြည်းနဲ့ ပရုတ်လုံးလို လုံးပါးပါးပြီး ကျရှုံးမယ်။**

**တစ်ဖက်ကလည်း နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာမှုတွေအရ စည်းကမ်း ပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာမယ်။**

**ဒါကြောင့် ပြည်သူတွေအနေနဲ့ ရှေ့မှာလမ်းကြောင်းက ထင်းထင်းကြီး ပေါ်နေပါပြီ။ အားလုံး အတူတကွ ညီညီညွတ်ညွတ် လက်တွဲ လျှောက်ကြရင် ပန်းတိုင်ဟာ လက်တစ်ကမ်းအကွာမှာပဲ ရှိတာမို့ မဝေးတော့ပါဘူး။**

**တကယ်နီးနီးကလေးပါ။ ။**

# အနာဂတ်နိုင်ငံတော်သစ် ရုပ်လုံးပေါ်ရေးကို မနာလိုမရှုဆိတ်သည့် ပြည်တွင်းပြည်ပအဖျက်သမားများ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်မှန်သမျှကို နှောင့်နှေးပျက်စီးအောင်နည်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်

● ရှေ့ဖုံးမှ

## တက်ရောက်

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းရှိ ကလေး၊ ကသာ၊ ခန္တီး၊ စစ်ကိုင်း၊ တမူး၊ မော်လိုက်၊ မုံရွာနှင့် ရွှေဘိုခရိုင်များနှင့် မြို့နယ်(၃၇)မြို့နယ်တို့မှ မြို့မိမြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူ၊ ပြည်သူများ စုစုပေါင်းအင်အား တစ်သိန်းကျော်တို့ အင်တိုက်အားတိုက် တစ်ခဲနက်တက်ရောက်ကြသည်။



**စစ်ကိုင်းတိုင်း မုံရွာမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ထောက်ခံ ကြိုဆိုပွဲ အခမ်းအနားကို စစ်ကိုင်းတိုင်း မုံရွာမြို့ ပြည်သူ့ အားကစားကွင်း၌ ကျင်းပရာ သဘာပတိ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်ထူး အဖွင့်အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

အခမ်းအနားမစတင်မီ နံနက် ၅ နာရီမှစတင်၍ စစ်ကြောင်းမှူး စစ်ကိုင်းတိုင်းမီးသတ်ဦးစီးဌာနမှူး ဦးစောလွင်မြင့် ဦးဆောင်သော မုံရွာစစ်ကြောင်းသည် ဗိုလ်ချုပ်လမ်း ဝင်းယူနတီဟိုတယ်ရှေ့ စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ကသာခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးထွန်းမြင့် ဦးဆောင်သော ကသာစစ်ကြောင်းသည် ကမ်းနားလမ်း MGRG ဂိတ်စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ရွှေဘိုခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းကိုကို ဦးဆောင်သော ရွှေဘိုစစ်ကြောင်းသည် အမှတ်(၁)၊(၂)နှင့်(၃)အခြေခံပညာအထက်တန်းကျောင်းများရှေ့ စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး စစ်ကိုင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးမြင့် ဦးဆောင်သော စစ်ကိုင်းစစ်ကြောင်းသည် ဒေါနခြံရေစင်ထိပ်စုရပ်မှလည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကိုင်အဖွဲ့များဦးဆောင်ကာ အမျိုးသားညီလာခံအားထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအားကြိုဆိုသည်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊ ဆူပူအကြမ်းဖက်သူဒို့ရန်သူ၊ ပြည်ပသွေးထိုးမှုများ ဒို့မယုံစား၊ ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒ ဒို့လက်မခံ၊ ဗိုလ်ကျစိုးမိုးရေးဝါဒ ကျဆုံးပါစေ၊ အမေကျော် ခွေးတော်မလွမ်းကြနဲ့၊ ပြည်တွင်းပြည်ပအဖျက်သမားများ အလိုမရှိ၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ မိုးလုံးပြည့်မုသာဝါဒီ VOA, BBC, RFA, DVB အလိုမရှိ၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလားဟူသော ဆိုင်းဘုတ်များကိုင်ဆောင်ကြပြီး ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်)ဟူသည့် ကြွေးကြော်သံများ ကြွေးကြော်ကြလျက် အခမ်းအနားကျင်းပမည့် ပြည်သူ့အားကစားကွင်းသို့ စနစ်တကျချီတက်ကြပြီး သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

## သဘာပတိ

အခမ်းအနားတွင် သဘာပတိအဖြစ် မုံရွာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်ထူးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာခင်နိုင်ဦး၊ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်အေးအေးသန်း၊ စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးသောင်းအေး (အငြိမ်းစား)၊ ခန္တီးမြို့မှ မြို့မိမြို့ဖများဖြစ်ကြသော နာဂတိုင်းရင်းသား ဦးလှဖေနှင့် ရှမ်းတိုင်းရင်းသား ဦးကံညွန့်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီဂိဝင်းရွှေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကြူမိုးသန့်က တွဲဖက်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာသဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်၌နေရာယူကြပြီး အခမ်းအနားမှူးက သဘာပတိ၏ခွင့်ပြုချက်အရ အခမ်းအနားစတင်ကြောင်းကြေညာကာ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

## စုံညီစွာတက်ရောက်

ထို့နောက် သဘာပတိ မုံရွာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်ထူးက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကြီး မကျင်းပမီ ၁၉၉၂ ခုနှစ် မေလတွင် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ လုပ်ခဲ့ရာ၌ နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ခဲ့ကြောင်း၊ ကိုယ်စားလှယ်များ အကျေအလည် ဆွေးနွေးညှိနှိုင်းကြပြီး အမျိုးသားညီလာခံတက်ရောက်သင့်သည့် ကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့ကို အတည်ပြု သတ်မှတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေးအတွက် ကြိုတင်ညှိနှိုင်းပြင်ဆင်ခဲ့စဉ်ကတည်းက နိုင်ငံတော်အစိုးရ၏ သဘောဆန္ဒတစ်ခုတည်းဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ ရွေးချယ်ခံကိုယ်စားလှယ်များအပါအဝင် လူထုလူတန်းစား ကိုယ်စားလှယ်များနှင့်ညှိနှိုင်းပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အထင်အရှားတွေ့မြင်ရမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို စတင်ကျင်းပခဲ့ရာတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၄၉ ဦး၊ ရွေးချယ်ခံကိုယ်စားလှယ် ၁၀၇ ဦး အပါအဝင် အစုအဖွဲ့(၈)ဖွဲ့မှ နိုင်ငံတစ်ဝန်းလုံးရှိ ကိုယ်စားလှယ်ပေါင်း ၇၀၂ ဦး တက်ရောက်ခဲ့ကြကြောင်း။

အစုအဖွဲ့(၈)ဖွဲ့မှာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များပင်ဖြစ်ကြောင်း။

## လုံးဝ အခြေအမြစ်မရှိ

ယင်းတို့ကိုကြည့်လျှင် အချို့သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အသံလွှင့်ဌာနများက မဟုတ်မမှန်စွပ်စွဲခဲ့သကဲ့သို့ တပ်မတော်က ယင်းတို့ လူများထည့်ပြီး ယင်းတို့အလိုကျလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်သည် လုံးဝ အခြေအမြစ်မရှိကြောင်း၊ မမှန်ကန်ကြောင်း တွေ့ရမည်ဖြစ်သကဲ့သို့ အမျိုးသားညီလာခံကြီးကို



**စစ်ကိုင်းတိုင်း မုံရွာမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီဂိဝင်းရွှေနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အလုပ်အမှုဆောင် ဒေါ်ကြူမိုးသန့်တို့ ဆောင်ရွက်ကြစဉ်။**
(သတင်းစဉ်)

နိုင်ငံတစ်ဝန်းလုံး၌ရှိသည့် လူထုလူတန်းစားအသီးသီး၊ တိုင်းရင်းသားအသီးသီးတို့၏ ကိုယ်စားလှယ်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ကြောင်း။

ယင်းကဲ့သို့ ပြည်သူတစ်ရပ်လုံးအား ကိုယ်စားပြုပြီး စနစ်ကျန အနှစ်သာရပြည့်ဝသည့် အမျိုးသားညီလာခံကြီးကို ကျင်းပခဲ့ရာ၌ ၁၉၉၃ ခုနှစ် ဧပြီ ၄ ရက်တွင် အခန်းလိုက်ခေါင်းစဉ်(၁၅)ခုချမှတ်နိုင်ခဲ့ပြီး ၁၉၉၃ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် အခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့်မူ ၁၀၄ ချက်ကို ချမှတ်နိုင်ခဲ့ကြောင်း၊ ယင်းနောက် ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ပြန်လည်ကျင်းပရာ၌ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲခေါင်းစဉ်များနှင့် ပတ်သက်ပြီး အသေးစိတ်အခြေခံမူများကို ချမှတ်နိုင်ခဲ့ကြောင်း။

၁၉၉၄ ခုနှစ် စက်တင်ဘာ ၂ ရက် ပြန်လည်ကျင်းပခဲ့ရာတွင် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများနှင့် ပတ်သက်သော အသေးစိတ်အခြေခံမူများကို ချမှတ်နိုင်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက် ဆဋ္ဌမအကြိမ်မြောက် ညီလာခံပြန်လည်ကျင်းပရာ၌ ကိုယ်စားလှယ် ၆၆၇ ဦးအနက် ၆၃၁ ဦး တက်ရောက်ခဲ့ကြောင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၈၆ ဦး ညီလာခံသို့ မတက်ရောက်တော့ဘဲ ပျက်ကွက်ခဲ့ကြောင်း။

## ကျောခိုင်းခဲ့

၎င်းသည်လည်း ထိုအချိန်အတောအတွင်း ပြည်ပနိုင်ငံကြီးတစ်ခု၏ အရာရှိကြီးတစ်ဦး မြန်မာနိုင်ငံကိုရောက်ရှိလာပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်နှင့် အချိန်အတန်ကြာ ဆွေးနွေးခဲ့ရာက သဘောထားပြောင်းပြီး အမျိုးသားညီလာခံကို ကျောခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို ကျောခိုင်းခြင်းသည် အမျိုးသားရေးကိုကျောခိုင်းခြင်း၊ အမျိုးသားရေးကို သစ္စာဖောက်ခြင်းပင်ဖြစ်ကြောင်း၊ ဤသို့ဖြင့် အမျိုးသားညီလာခံကြီးသည် လေ့လျော့ရင်းတက်ကျိုးဆိုသကဲ့သို့ကျင်းပရေးလုပ်ငန်းအရှိန်အဟုန်များ တုံ့ဆိုင်းပြီး ညီလာခံကြီးကို ၁၉၉၆ ခုနှစ် မတ် ၃၀ ရက်တွင် ယာယီရပ်ဆိုင်းခဲ့ရကြောင်း။

မိမိတို့ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တကြသော "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်" တည်ဆောက်ရေး ရည်မှန်းချက်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် အဖွဲ့အစည်းတစ်ရပ်၏ အဖျက်လုပ်ရပ်ကြောင့် တုံ့ဆိုင်းနှေးကွေးခဲ့ရသော်လည်း နိုင်ငံတော်အစိုးရသည် ပြည်သူအများစု၏ ဆန္ဒသဘောထားကို ဦးထိပ်ထားပြီး ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို ကြေညာခဲ့ကြောင်း၊ ပထမလုပ်ငန်းစဉ်၌ ဖော်ပြထားသည့်အတိုင်း ယာယီရပ်ဆိုင်းထားသော အမျိုးသားညီလာခံကြီးကိုလည်း ၂၀၀၄ ခုနှစ် မေ ၁၇ ရက်တွင် ပြန်လည်ကျင်းပခဲ့ကြောင်း။

ဤသို့ ပြန်လည်ကျင်းပရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် သဘောထားကြီးကြီးထားပြီး ညီလာခံက ထွက်ခွာသွားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များကို ဖိတ်ကြားခဲ့သော်လည်း ၎င်းတို့က တက်ရောက်မည်မဟုတ်ကြောင်း ပြန်ကြားပြီး ဒုတိယအကြိမ်အမျိုးသားရေးကို သစ္စာဖောက်ခဲ့ပြန်ကြောင်း၊ ၎င်းတို့ မပါဝင်သော်လည်း ပြန်လည်ကျင်းပခဲ့သည့် အမျိုးသားညီလာခံကြီးတွင် တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ၁၀၈၈ ဦးအနက် ၁၀၇၆ ဦး တက်ရောက်ခဲ့သဖြင့် ၉၈ ဒသမ ၉ ရာခိုင်နှုန်း တက်ရောက်ခဲ့ကြောင်း တွေ့ရှိရကြောင်း။

## အာဏာခွဲဝေမှုအပိုင်း

ဤညီလာခံကြီးတွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း၌ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဤသို့ဖြင့် ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ်များ ဆက်လက်ကျင်းပခဲ့ပြီး နောက်ဆုံးပဉ္စမအကြိမ်ကို ၂၀၀၇ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ပြန်လည်ကျင်းပခဲ့ရာ ကျန်ရှိသော အခန်း(၇)ခန်းအတွက် အသေးစိတ်အခြေခံမူများကို ချမှတ်နိုင်ခဲ့သည့်အပြင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်သင့်သည်များကို ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်ပေးခဲ့ကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁

**စစ်ကိုင်းတိုင်း မုံရွာမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် စက်မှုလက်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ များနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။**
(သတင်းစဉ်)





အမျိုးသား ညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးဆောင်ရွက်နေကြသူများအား လုံးဝ ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြောင်း အဆိုကို တန့်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းဇော်မြင့် ဖတ်ကြားတင်သွင်းစဉ်။

(သတင်းစဉ်)



အမျိုးသား ညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးဆောင်ရွက်နေကြသူများအား လုံးဝ ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြောင်း အဆိုကို မုံရွာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဖြူသီရိအောင် ထောက်ခံ ဆွေးနွေးစဉ်။

(သတင်းစဉ်)



အမျိုးသား ညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးဆောင်ရွက်နေကြသူများအား လုံးဝ ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြောင်း အဆိုကို ရွှေဘိုခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်သီသီဝင်း ထောက်ခံ ဆွေးနွေးစဉ်။

(သတင်းစဉ်)

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်နေကြသည့် အဖျက်သမားများ၏လုပ်ရပ်များကို ရှုတ်ချကန့်ကွက်

*စာမျက်နှာ ၆ မှ*

ဤသို့ဖြင့် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အမျိုးသား ညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း။

ပြည်ပ ပယောဂများနှင့် ပြည်တွင်းပုဆိန်ရိုးများ၏ အနှောင့်အယှက်များ မည်မျှပင်ရှိခဲ့စေကာမူ အမျိုးသားညီလာခံကြီးကို ညီလာခံကိုယ်စားလှယ်အားလုံး၏ စုစည်းညီညွတ်သည့်အား၊ ခိုင်မာသည့် ဖွဲလုံ့လ၊ မှန်ကန်သည့် စေတနာများဖြင့် တက်ညီလက်ညီ တာဝန်ထမ်းဆောင်ခဲ့မှုကြောင့် ယခုဆိုလျှင် အောင်မြင်စွာ ကျင်းပပြီးဆုံးခဲ့ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ပုံဖော်နိုင်ရန် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤသမိုင်းဝင် အမျိုးသားညီလာခံကြီးတွင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး ဦးထိပ်ပန်ဆင် ဆွေးနွေးတိုင်ပင်ညှိနှိုင်းခဲ့ကြသည့်အတွက် မိမိတို့စစ်ကိုင်းတိုင်းအတွင်းမှ ကိုယ်စားလှယ် ၇၉ ဦးအပါအဝင် ညီလာခံကိုယ်စားလှယ်ကြီးများ အားလုံးကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါကြောင်း ဤနေရာကနေ ပြောကြားလိုကြောင်း။

အမျိုးသားညီလာခံကြီးက ရေးဆွဲချမှတ်ခဲ့သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများအပေါ် မူတည်ပြီး တိကျခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဆက်လက်ရေးဆွဲရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် မရှိမဖြစ် အသက်တမျှ အရေးကြီးလှသည့် အခြေခံဥပဒေအားလုံး၏ ပင်မဥပဒေကြီးတစ်ရပ် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ဖွဲ့၊ အစိုးရတစ်ဖွဲ့က ရေးဆွဲပြဋ္ဌာန်း၍ လုံးဝမဖြစ်နိုင်ကြောင်း၊ ထို့အပြင်အခြားနိုင်ငံများ၏ဥပဒေကို ပုံတူကူးချ၍ မရနိုင်သကဲ့သို့ ပြည်ပနိုင်ငံတစ်ခုခုကလည်း ရေးဆွဲပေး၍ မရနိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို မိမိနိုင်ငံ၏သမိုင်းကြောင်းအခြေအနေနှင့် ပကတိအခြေအနေအရပ်ရပ်ပေါ်တွင် မူတည်ပြီး ရေးဆွဲရမည်ဖြစ်ကြောင်း။

## ပိုမိုအနှစ်သာရပြည့်ဝ

ယခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုမူ အထက်တွင် မိမိတင်ပြခဲ့သကဲ့သို့ ပြည်နယ်၊ တိုင်းအသီးသီးက လူထုလူတန်းစားအလွှာအသီးသီးပါဝင်သော အစုအဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ် ၁၀၀၀ ကျော် ပါဝင်ကာ အချိန်များစွာယူပြီး ညှိနှိုင်းဆွေးနွေးခဲ့သည့်အတွက် ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုအနှစ်သာရပြည့်ဝသကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကိုကိုယ်စားပြုသော ပိုမိုကျယ်ပြန့်နက်ရှိုင်းသည့် အခြေခံဥပဒေလည်းဖြစ်ကြောင်း၊ ယခု ချမှတ်ခဲ့ပြီးသည့် အခြေခံမူများအရ နိုင်ငံတော်ကြီးကို တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)ခု အပြင် ‘ဝ’တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခု၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နှင့် ကိုးကန့်စသော တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကြီး(၅)ခုတို့ဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ၎င်းကိုကြည့်လျှင် ယခုရေးဆွဲမည့်အခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးစုများအတွက် ရပိုင်ခွင့်များ အပြည့်အဝပေးထားကြောင်း ထင်ရှားစွာတွေ့ရမည်ဖြစ်ကြောင်း။

ယခုဆိုလျှင် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း၊ ကျယ်ပြန့်ခိုင်မာသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကိုလည်း ချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤကဲ့သို့ မိမိတို့အားလုံး နိုင်ငံတော်အတွက် အပြုသဘောတိုးတက်မှုများ ဆောင်ကြဉ်းနေချိန်တွင် နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ပြီး အနာဂတ်နိုင်ငံတော်သစ်ရပ်လုံးပေါ်ရေးကို မနာလို မရှုဆိတ်သည့် ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်မှန်သမျှကို နှောင့်နှေးပျက်စီးအောင် နည်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်ဖန်တီးလာကြခြင်းကို တွေ့နေရကြောင်း၊ အမျိုးသားညီလာခံကြီးက ထွက်ပေါ်လာမည့် အခြေခံဥပဒေ၌ မိမိနိုင်ငံ၏ကံကြမ္မာကို မိမိကသာ ဖန်တီးနိုင်ခွင့်နှင့် အခြားတိုင်းတစ်ပါးက ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ရန် ပြဋ္ဌာန်းထားသော အချက်များပါဝင်နေသည့်အတွက် ဗိုလ်ကျစိုးမိုးလိုသော ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်တွင်းမှ အမေကျော်ဒွေးတော်လွမ်းနေသူတို့က နှစ်သက်လိုလားခြင်းမရှိဘဲ နှောင့်ယှက်ဖျက်ဆီးရန် ကြိုးပမ်းနေကြခြင်းသည် ထင်ရှားနေကြောင်း။

## သွေးထိုးမြှောက်ပင့်

ယခုဆိုလျှင် ယင်းတို့သည် ဘာသာ သာသနာကိုပင် အလွတ်မပေးတော့ဘဲ ဘာသာရေးကို ခုတုံးလုပ်ပြီး သံဃာငယ်များကို သွေးထိုးမြှောက်ပင့်ပေးခဲ့ကြသည်ကို တွေ့ရကြောင်း၊ ထို့ပြင် ပြည်ပအသံလွှင့်ဌာနအချို့ကလည်း မဟုတ်မမှန် လုပ်ကြံသတင်းများ လွှင့်ထုတ်ပြီး အပ်နှင့်ထွင်းရမည့်ကိစ္စကို ပုဆိန်နှင့်ပေါက်ရအောင် ဖန်တီးနေသည်ကို တွေ့နေရကြောင်း၊ တစ်ချိန်တည်းမှာပင် ပွဲလန့်တုန်းဖျာခင်းရန် ချောင်းနေသည့် နိုင်ငံရေးအဖွဲ့အစည်းတချို့ကလည်း ပြည်ပဆရာကြီးများ၏ အလိုကျ နိုင်ငံရေးတောင်းဆိုမှုများ ဖော်ထုတ်လာပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေကြခြင်းကို တွေ့နေရကြောင်း၊ ဤသို့ မင်းမဲ့စရိုက် ဆူပူအကြမ်းဖက်မှုများကို ဆန့်ကျင်ရှုတ်ချကြောင်း စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ကိုယ်စား အလေးအနက်တင်ပြလိုကြောင်း။

အမျိုးသားညီလာခံကြီးနှင့်အတူ ဆက်လက်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစည်းတလုံးတည်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အစဉ်ဖော်ဆောင်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ကြောင်း အထက်တွင်မိမိတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ တစ်ဆက်တည်းတွင်ပင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် တက်ညီလက်ညီ ဆက်လက်လျှောက်လှမ်းရန် မိမိတို့ပြည်သူအားလုံးက ပြတ်ပြတ်သားသား သန္နိဋ္ဌာန်ချမှတ်ထားပြီးလည်းဖြစ်ကြောင်း။

## ရှုတ်ချကန့်ကွက်

ထို့ကြောင့် မိမိတို့အားလုံး မျှော်မှန်းထားသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး မလွဲမသွေ ပေါ်ထွန်းလာရန်အတွက် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးနှင့် ဆက်လက်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အလေးအနက် ထောက်ခံကြိုဆိုသွားကြပါ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လုပ်ရပ်အပေါ် ရှုတ်ချကန့်ကွက်သွားကြပါဟု ပြောကြားသွားသည်။

## အောင်မြင်ပြီးဆုံးအောင်ဆောင်ရွက်

ဆက်လက်၍ တန့်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းဇော်မြင့်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးဆောင်ရွက်နေကြသူများအား လုံးဝ ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြောင်းအဆိုကို ဖတ်ကြားတင်သွင်းရာတွင် ကျင်းပပြီးစီးပြီဖြစ်သော အမျိုးသားညီလာခံကြီးတွင် တက်ရောက်ပါဝင်သည့် ကိုယ်စားလှယ်များသည်လည်း တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံမှ ပါဝင်ခြင်း၊ ပညာတတ်အတွေ့အကြုံဗဟုသုတ ကြွယ်ဝသူများ ပါရှိခြင်း၊ မြို့နယ်တိုင်းမှ ကိုယ်စားလှယ်များ ပါဝင်၍ နိုင်ငံတစ်ဝန်းလုံးကို လွှမ်းခြုံနိုင်ခြင်းနှင့် ညီလာခံ၏ ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီသော အခြေခံမူ၊ အသေးစိတ်အခြေခံမူများ ချမှတ်နိုင်ခဲ့ခြင်းတို့ကြောင့် ညီလာခံကြီးတွင်

*စာမျက်နှာ ၈ ကော်လံ ၁*



စစ်ကိုင်းတိုင်း မုံရွာမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ စီးပွားရေးနှင့် စက်မှုလက်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူ များ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။

(သတင်းစဉ်)



*စာမျက်နှာ ၇ မှ*

မိမိတို့၏ စီးပွားရေး၊ လူမှုရေးများကို မငဲ့ကွက်ဘဲ အမျိုးသားရေး တာဝန်များကို အောင်မြင်ပြီးဆုံးအောင်ဆောင်ရွက်ခဲ့ကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအား အထူးပင် ကျေးဇူးတင်ဂုဏ်ယူမိပါကြောင်းနှင့် ကျင်းပပြီးစီးသွားသော အမျိုးသားညီလာခံကြီးကို ထောက်ခံပါကြောင်း လေးလေးနက်နက် တင်ပြအပ်ပါကြောင်း။

နိုင်ငံတော်တစ်ရပ်၌ အခြေခံကျသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိလျှင် နိုင်ငံတော်၏ ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်မှုအာဏာဆိုသော အချုပ်အခြာအာဏာကို ခွဲဝေအပ်နှင်းရန် အလွန်ခက်ခဲလှကြောင်း၊ ဒီမိုကရေစီလူနေမှုဘဝကို ဖော်ဆောင်ရန်အတွက် တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသော မိမိနိုင်ငံ၊ မိမိအခြေအနေနှင့် ကိုက်ညီဆီလျော်မည့်ပုံစံကို မိမိတို့ ရွေးချယ်ကြရမည်ဖြစ်ကြောင်း။

## အသက်တမျှအရေးကြီး

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက **"အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီသည် တိုင်းပြည်လူမျိုးစရိုက်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာအယူဝါဒများနှင့် လိုက်လျောညီထွေဖြစ်ရန်လိုအပ်ပြီး ပုံတူကူးချ၍ မရနိုင်ကြောင်း၊ တိုင်းပြည်တစ်ပြည်ဆိုတာ အခြေခံဥပဒေနှင့်အုပ်ချုပ်ရကြောင်း၊ တိုင်းပြည်တစ်ပြည်မှာ အခြေခံဥပဒေမရှိဘဲ သူထင်ရာသူ အုပ်ချုပ်တယ်ဆိုပါက အာဏာရှင်စနစ်ဖြစ်သွားမှာဖြစ်ကြောင်း၊ ဒါကြောင့် နောင်တိုင်းပြည်ကို စနစ်တကျအုပ်ချုပ်**



**အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးဆောင်ရွက်နေကြသူများအား လုံးဝ ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြောင်း အဆိုကို စစ်ကိုင်းတိုင်း စစ်မှုထမ်း ဟောင်း အဖွဲ့ဝင် ဗိုလ်ကြီးအောင်ကျော်မိုး (အငြိမ်းစား) ထောက်ခံ ဆွေးနွေးစဉ်။** (သတင်းစဉ်)

**နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ တည်ဆောက်ရကြောင်း"**စသည်ဖြင့် လမ်းညွှန်မိန့်ကြားခဲ့သည်များကို မှတ်သားထားခဲ့ရကြောင်း၊ တိုင်းပြည်၏ အနာဂတ်အရေးအတွက် အသက်တမျှအရေးကြီးသည့် အခြေခံဥပဒေကို တိုင်းရင်းသားပြည်သူများ၏ ဘဝဆန္ဒနှင့်အညီ ရေးဆွဲရန် လိုအပ်သည့်အတွက် ယခုဆိုလျှင် အခြေခံမူနှင့် အသေးစိတ်အခြေခံမူများ ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ချမှတ်ပြီးခဲ့သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများသည်လည်း နိုင်ငံတော်ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံချက်ပေးနိုင်ခြင်း၊ တစည်းတလုံးတည်းသော ပြည်ထောင်စုနိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အစဉ်သဖြင့်ဖော်ဆောင်ခြင်းနှင့် တိုင်းရင်းသားများ အခွင့်အရေးကို ပကတိအရှိတရားအပေါ်တွင် အခြေခံပြီး အထူးတလည် ပေးအပ်ထားခြင်းတို့ကို တွေ့ရှိရကြောင်း။

## ပူးပေါင်းကြံစည်လုပ်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူနှင့်လက်တွဲပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပကတိအခြေအနေကို နားမလည်ဘဲ စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုကို အကြောင်းပြပြီး သံဃာများကို သွေးထိုးလှုံ့ဆော်ကာ NLD ပါတီနှင့် ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့များသည် လမ်းမပေါ်ထွက်ပြီး ဆန္ဒပြခဲ့ကြကြောင်း၊ အမှန်မှာ လောင်စာဆီဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းနှင့် ချိန်ထိုးကြည့်လျှင် မြင့်တက်သည်ဟု ပြော၍မရကြောင်း၊ ဤသို့ အခြေအနေမှန်ကို နားမလည်ဘဲ ပြည်ပအသံလွှင့်ဌာနများဖြစ်သော BBC, VOA, RFA, DVB တို့က လေလှိုင်းကတစ်ဆင့် သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် နေရာအချို့၌ လမ်းပေါ်ထွက် ဆန္ဒပြလာကြပြီး စက်သုံးဆီဈေးနှုန်းမြင့်တက်မှုနှင့် မဆိုင်သည့် တောင်းဆိုချက်များကိုပါ တောင်းဆိုလာခဲ့ကြကြောင်း၊ ထို့အပြင် နိုင်ငံတော်၌ တည်ငြိမ်အေးချမ်းမှုမရှိဘူးဟု ကမ္ဘာကယူဆလာအောင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံပြုလုပ်ချိန်နှင့် အချိန်ကိုက်ပြီး ဆူပူအကြမ်းဖက်မှုများဖြစ်အောင် ယုတ်မာစဉ်းလဲသည့်အကြံအစည်ဖြင့် စီစဉ်ခဲ့ကြခြင်းဖြစ်သည်ကိုလည်း တွေ့ရကြောင်း၊ ယင်းတို့ကိုကြည့်လျှင် တိုင်းပြည်မငြိမ်မသက်ဖြစ်အောင် ပြည်တွင်းပြည်ပသစ္စာဖောက်များ အချိန်ကိုက်၊ စည်းဝါးကိုက်၊ ပူးပေါင်းကြံစည် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားလျက်ရှိကြောင်း၊ ဤသို့ဆူပူမှုများဖြစ်လာသည့်အတွက် ပြည်သူများ ကျီးလန့်စာစား ဖြစ်ခဲ့ကြရကြောင်း၊ သို့သော် ပြည်သူလူထု၏ စိတ်ရင်းအမှန်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကိုလိုလားပြီး ဆူပူအကြမ်းဖက်မှုများကို မည်သူမျှမလိုလားကြကြောင်း၊ ပွဲဆူအောင်လှုန့် ပွဲလန့်တုန်းဖျာခင်းရန်အကြံဖြင့် ပြည်ပကရေးဆွဲပေးသည့် ဇာတ်ညွှန်းအတိုင်း မိမိနိုင်ငံ၊ မိမိလူမျိုးမျက်နှာကိုမှ မထောက်သော ဤသို့ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များကို ပြည်သူလူထုတစ်ရပ်လုံးက အော့ကြောလန် နှလုံးနာလျက်ရှိနေကြသည့်အတွက် မိမိအနေဖြင့် ကန့်ကွက်ရှုတ်ချပါကြောင်း တင်ပြလိုကြောင်း။

## ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချ

မိမိတင်ပြခဲ့သည့်အချက်များကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ပြည်သူများ၏ လိုအင်ဆန္ဒနှင့်အညီ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အမျိုးသားညီလာခံကြီးကို အဖျက်အဆီး အနှောင့်အယှက်များကြားထဲမှ အခက်အခဲမျိုးစုံဖြင့် ကျင်းပခဲ့ရကြောင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် တိုင်းရင်းသားပြည်သူလူထုအကျိုး၊ နိုင်ငံတော်အကျိုးကိုရှေးရှုပြီး ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ ကမ္ဘာတည်သရွေ့ အမိမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးကို ဦးတည်ဖော်ဆောင်ထားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးသဘောဖြင့် လုပ်ဆောင်နေကြသည့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များ၊ သွေးထိုးလှုံ့ဆော်ပေးနေကြသော ပြည်ပနိုင်ငံကြီး အချို့နှင့် ပြည်ပအသံလွှင့်ဌာနများဖြစ်သည့် BBC, VOA, RFA, DVB တို့ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်းအဆိုကို လေးလေးနက်နက် တင်သွင်းလိုက်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဟု အပြည့်အဝစိတ်ချယုံကြည်ကြောင်း။

မိမိတို့ ပြည်သူတစ်ရပ်လုံးက ယခုကဲ့သို့ စည်းလုံးညီညွတ်သည့်အားဖြင့် အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်နေချိန်တွင် နိုင်ငံတော်ကြီး ပျက်စီးရာပျက်စီးကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်နေကြသော မိုးလုံးပြည့်မုသာဝါဒီများဖြစ်သည့် VOA, BBC, RFA နှင့် DVB တို့၏ သွေးထိုးလှုံ့ဆော်မှုများကို ရှုတ်ချကန့်ကွက်ကြောင်း ပြောကြားလိုကြောင်း၊ ထို့အပြင် ပြည်တွင်းပြည်ပအဖျက်သမားများကလည်း စက်သုံးဆီ ဈေးနှုန်းမြင့်တက်မှုကိုအကြောင်းပြပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးအောင် နည်းလမ်းမျိုးစုံအသုံးပြုပြီး လုပ်ဆောင်ခြင်းများကိုလည်း ဝိုင်းဝန်းတားဆီးကာကွယ်သွားရမည်ဖြစ်ကြောင်း။

# ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်



**အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးဆောင်ရွက်နေကြသူများအား လုံးဝ ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြောင်း အဆိုကို ခန္တီးမြို့မှ ဒေသခံနာဂ တိုင်းရင်းသူ ဒေါ် ရှ နား ဖိုင်း ထောက်ခံ ဆွေးနွေးစဉ်။** (သတင်းစဉ်)

## အပြည့်အဝယုံကြည်

ယင်းနောက် မုံရွာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဖြူသီရိအောင်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးဆောင်ရွက်နေကြသူများအား လုံးဝဆန့်ကျင်ရှုတ်ချကန့်ကွက်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံမူများအနက် မိမိတို့ အမျိုးသမီးများအတွက် အခွင့်အရေးတစ်ရပ်ကို ဖော်ပြရလျှင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းခေါင်းစဉ် အပိုဒ်(၆)တွင် "အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေး လစာတို့ကို ခံစားခွင့်ရှိသည်"၊ အပိုဒ်(၇)တွင် "မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်" အပိုဒ်(၁၄)တွင် "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကိုတားမြစ်သည်" အပိုဒ်(၂၄)တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ (က)ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ)ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်။ (ဂ) သိပ္ပံပညာ စူးစမ်းရှာဖွေမှု၊ စာပေနှင့်အနုပညာ ခေတ်မီတိုးတက်အောင် တီထွင်ကြံဆဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြုဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်"ဟု ဖော်ပြထားကြောင်း၊ အပိုဒ်(၂၅)တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်"စသော တိုင်းပြည်၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘက်စုံကဏ္ဍစုံ တိကျပြည့်စုံစွာ အခြေခံမူများချမှတ်ခဲ့ခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်သည့်အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော

**စစ်ကိုင်းတိုင်း မုံရွာမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် စက်မှုလက်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူ များ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။** (သတင်းစဉ်)



## ပြင်းပြင်းထန်ထန်ရှုတ်ချ

နိဂုံးချုပ်အနေဖြင့် အခက်အခဲ၊ အနှောင့်အယှက်အမျိုးမျိုးကြားထဲက အောင်အောင်မြင်မြင်ကျင်းပပြီးစီးခဲ့သော အမျိုးသားညီလာခံကြီးကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း၊ ပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဝမ်းပန်းတသာကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနှောင့်ယှက်နေကြသော ပြည်တွင်းပြည်ပအဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကြောင်းတို့ကို အလေးအနက်ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ရွှေဘိုခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်သီသီဝင်းက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးဆောင်ရွက်နေကြသူများအား လုံးဝဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သော အခြေခံရမည့်မူများထဲမှ မိခင်နှင့်ကလေး၊ အိုမင်းမစွမ်းသူများနှင့်စပ်လျဉ်းသည့် အခြေခံမူတွင် "နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသွားသော တပ်မတော်သားများ၏ကလေးများ၊ အိုမင်းမစွမ်းသူ တပ်မတော်သားများအား သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်စေရန်နှင့် အသက်မွေးပညာကို အခမဲ့သင်ယူနိုင်စေရန် စီမံဆောင်ရွက်မည်"ဟု ဖော်ပြထားကြောင်း၊ ဤမူများသည် နိုင်ငံသားများ၏ ရပိုင်ခွင့်ကို ခိုင်ခိုင်မာမာ အကာအကွယ်ပေးထားခြင်းများဖြစ်သဖြင့် ပေါ်ပေါက်လာမည့် အခြေခံဥပဒေသည် ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒကို တစ်သားတည်းဖြစ်အောင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုထံချပြ၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုမည်ဖြစ်သည့်အတွက် ဒီမိုကရေစီနည်းလမ်းအကျဆုံး၊ ကိုယ်စားပြုမှု အကျယ်ပြန့်ဆုံး အခြေခံဥပဒေကြီး ပေါ်ပေါက်လာမည်ကို မိမိတို့ပြည်သူတစ်ရပ်လုံးက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုလျက်ရှိပါကြောင်း ထောက်ခံပြောကြားလိုကြောင်း။

## အမျိုးမျိုး လှုံ့ဆော်ဖန်တီး

မိမိတို့ပြည်သူများ၏ အန္တိမရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးပင်ဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မနာလိုမရှုဆိတ်သည့် ပြည်တွင်း ပြည်ပ အဖျက်သမားများက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ရပ်တန့်သွားအောင် ညီလာခံကြီး၏ စုပေါင်းညှိနှိုင်း တိုင်ပင်ဆွေးနွေးချက်များပျက်စီးစေရန် အမျိုးမျိုးလှုံ့ဆော်ဖန်တီးပြီး အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် အစီအစဉ်တကျဆောင်ရွက်နေသည်ကို တွေ့မြင် ကြားသိနေရကြောင်း။

ယခုရက်ပိုင်းအတွင်း စက်သုံးဆီဈေးနှုန်းနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုကို အကြောင်းပြပြီး မြန်မာနိုင်ငံရှိ အချို့မြို့များတွင် သံဃာတော်များနှင့် ကျောင်းသားထုအတွင်း အယုံသွင်းဦးဆောင်စေပြီး ပြည်တွင်းမငြိမ်မသက် ဆူပူအုံကြွမှုများဖြစ်လာအောင်၊ မင်းမဲ့စရိုက်များ လွှမ်းမိုးလာအောင် ယုတ်မာပက်စက်သည့် အကြံဖြင့် လုပ်ဆောင်နေကြခြင်းကို စိတ်မချမ်းသာဖွယ်ရာ တွေ့မြင်ခဲ့ရကြောင်း၊ အဆိုပါလုပ်ရပ်များသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်သစ်ပေါ်ပေါက်လာမည်ကို မလိုလားသည့်သူများက လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည့်အတွက် ပြည်သူ့သဘောထား(၄)ရပ်နှင့်

အညီ ရှုတ်ချကန့်ကွက်ပါကြောင်း စစ်ကိုင်းတိုင်းအတွင်းရှိ ပြည်သူလူထု တစ်ရပ်လုံးကိုယ်စား ဤနေရာကနေ ပြောကြားလိုက်ပါကြောင်း။

## မဟုတ်မမှန် ပုံကြီးချဲ့

ယခုဆိုလျှင် မိမိတို့မြန်မာနိုင်ငံတော်ကြီးသည် ရွှေရောင်လွှမ်းသည့် ရွှေပြည်တော်ကြီးကို လှမ်းမြင်နေရပြီဖြစ်ကြောင်း၊ လက်တစ်ဆုပ်စာလူနည်းစုမှ အပ မိမိတို့ပြည်သူတစ်ရပ်လုံးနှင့် နိုင်ငံတော်အစိုးရသည် ငြိမ်းငြိမ်းချမ်းချမ်း၊ စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင်နေလိုသော ဆန္ဒရှိကြကြောင်း၊ ဤသို့ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုနေကြသည့် အနောက်နိုင်ငံအချို့၏ အသံလွှင့်ဌာနများဖြစ်သော VOA, BBC, RFA, DVB တို့သည် မိုးလုံးပြည့် မုသာဝါဒီ စကားများဖြင့် မဟုတ်မမှန် သတင်းမျိုးစုံကိုပုံကြီးချဲ့ပြီး သွေးထိုးလှုံ့ဆော်မှုများ ဖြစ်အောင် စဉ်ဆက်မပြတ် ထုတ်လွှင့်နေကြခြင်းကို ကြားသိနေရကြောင်း၊ “ပြည်သူများဒုက္ခရောက်လေ ၎င်းတို့အကြိုက်တွေ့လေပင်”ဖြစ်ကြောင်း။

အနောက်မီဒီယာများထဲမှတချို့သည် မြန်မာလူမျိုးများဖြစ်ပါလျက်နှင့် မိမိတိုင်းပြည်၊ မိမိလူမျိုး ပျက်စီးရာပျက်စီးကြောင်း သွေးခွဲလုပ်ဆောင်နေကြသည့် ပြည်တွင်းသစ္စာဖောက် အသားထဲက လောက်ထွက်သူများ၊ နိုင်ငံကြီးအချို့၏ အထောက်အပံ့ကိုယူ ၎င်းတို့စေခိုင်းသည့်အတိုင်း ကြိုးဆွဲရာ‘က’နေသောသူများပင်ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ရွှေပြည်တော်ရောက်ခါနီးမှ ချောက်ထဲကျမသွားစေရန် မြေခွေးကဲ့သို့ယုတ်မာသော လေလှိုင်းပေါ်က လူသတ်သမားများ၏စကားကို နားမယောင်ဘဲ “ဘေးပြောတာကိုမယုံနဲ့ သွေးပြောတာကိုယုံ”၊ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုသောစကားနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သတိကြီးစွာထားပြီး မိမိတို့နိုင်ငံကို ကာကွယ်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။






**တစ်ခဲနက် ကြွေးကြော်**

**စစ်ကိုင်းတိုင်း မုံရွာမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်၍ အခမ်းအနားကို ရုပ်သိမ်းစဉ်။**

(သတင်းစဉ်)

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်သည်နှင့်အညီ တိုင်းရင်းသားတိုင်း တန်းတူညီတူ အခွင့်အရေးရရှိနိုင်အောင် အမျိုးသားညီလာခံကြီးက ကောင်းမွန်မှန်ကန်သော အခြေခံမူများ ချမှတ်ခဲ့ပြီးဖြစ်သကဲ့သို့ ချမှတ်ထားသည့် အခြေခံမူများနှင့် အညီ မိမိတို့အတွက် အသက်တမျှအရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း မကြာမီ ရုပ်လုံးပေါ်လာတော့မည်ဖြစ်ကြောင်း။

## ပူးပေါင်းပါဝင်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ယနေ့ မိမိတို့မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်ကိုရောက်အောင် ဖော်ဆောင်ပေးသွားမည်ဆိုခြင်းကို အကြွင်းမဲ့ယုံကြည်လျက်ရှိသည့်အတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် နိုင်ငံတော်အသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ပြီးမြောက်အောင် မိမိတို့ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမည်ဟု ကတိပြုပြောကြားကာ လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

## အပြန်အလှန်ထိန်းကျောင်း

ထို့နောက် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်ကြီးအောင်ကျော်မိုး (အငြိမ်းစား)က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုများကို ဖျက်လိုဖျက်ဆီး ဆောင်ရွက်နေကြသူများအား လုံးဝဆန့်ကျင်ရှုတ်ချကန့်ကွက်ကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကြီးက ချမှတ်ပြီးဖြစ်သည့် အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့်မူများကို မဏ္ဍိုင်ပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ဆက်လက်ရေးဆွဲ အတည်ပြုပြဋ္ဌာန်းသွားမည် ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် လွှတ်တော်နှစ်ရပ်ပါရှိမည်ဖြစ်ပြီး ပြည်သူ့လွှတ်တော်တွင် ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ် ၃၃၀ နှင့် တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦး ပါဝင်မည်ဖြစ်ကြောင်း၊ ထို့အတူ အမျိုးသားလွှတ်တော်တွင်လည်း ရွေးကောက်တင်မြှောက် ခံရသည့် ကိုယ်စားလှယ် ၁၆၈ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦးတို့ ပါဝင်မည်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များတွင်လည်း အဖွဲ့ဝင်စုစုပေါင်း၏ လေးပုံတစ်ပုံသည် တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်ကြမည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ပါဝင်စေခြင်းသည် နိုင်ငံတော်၏ ဥပဒေပြုအဖွဲ့အဆင့်ဆင့်ဖြစ်သည့် လွှတ်တော်အသီးသီးတွင် နိုင်ငံနှင့် လူမျိုးအကျိုးကို ရှေးရှုပြီး အချင်းချင်းအပြန်အလှန် ထိန်းကျောင်းမှုများ ပြုလုပ်သွားနိုင်ရန် ပါဝင်ဖွဲ့စည်းရခြင်းဖြစ်ကြောင်း၊ ပါဝင်မှုအချိုးအစားအရ ကိုယ်စားလှယ်အားလုံး၏ လေးပုံတစ်ပုံသာဖြစ်သည့်အတွက် မည်သို့မျှ လွှမ်းမိုးခြင်းမပြုနိုင်ဘဲ အချင်းချင်း အပြန်အလှန်ထိန်းညှိမှုများသာ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ထင်ရှားနေကြောင်း။

ပြည်တွင်းပြည်ပအဖျက်သမားများအနေဖြင့် အထက်ပါ မိမိတင်ပြခဲ့သည့် တပ်မတော်သားကိုယ်စားလှယ် ပါဝင်ဖွဲ့စည်းမှုကြောင့် ယင်းတို့ ထင်ရာစိုင်း၍ မရသည်ကိုကြိုတွေးပြီး ဒီမိုကရေစီနည်းလမ်းမကျကြောင်း စွပ်စွဲပုတ်ခတ်နေခြင်းသာဖြစ်ကြောင်း၊ ဒီမိုကရေစီနည်းလမ်း ကျခြင်းမကျခြင်းသည် ဒီမိုကရေစီ အနှစ်သာရကို ထိခိုက်ခြင်း မထိခိုက်ခြင်းနှင့် တိုင်းတာရမည်ဖြစ်ကြောင်း၊ လွှတ်တော်အဆင့်ဆင့်တွင် တင်သွင်းသွားမည့် ဥပဒေမှန်သမျှသည် ကိုယ်စားလှယ်အများစု၏ဆန္ဒနှင့်အညီ ဆုံးဖြတ်အတည်ပြုရမည်ဖြစ်သည့်အတွက် တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်နေခြင်းသည် ဒီမိုကရေစီအနှစ်သာရကို မထိခိုက်ဘဲ ဒီမိုကရေစီအနှစ်သာရ အပြည့်အဝရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းတွင် ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရသည့် ခါးသီးသော အဖြစ်မျိုး ထပ်မံမဖြစ်ပွားရအောင် ကြိုတင်ကာကွယ်တားဆီးရေး၊ ထိန်းညှိနိုင်ရေးနှင့် အမျိုးသားအကျိုးစီးပွားကို အကောင်းဆုံးထမ်းဆောင်နိုင်ရေးတို့အတွက် တပ်မတော်သားကိုယ်စားလှယ်များ ပါဝင်နေခြင်းသည် ဒီမိုကရေစီကျရှုံးသာမက အတိတ်သမိုင်းနှင့်ရော ပစ္စုပ္ပန်အခြေအနေများနှင့်ပါ ကိုက်ညီလျက်ရှိကြောင်း တွေ့ရမည်ဖြစ်ကြောင်း။

## သတိထားဆင်ခြင်

မကြာမီရက်ပိုင်းအတွင်းက စက်သုံးဆီဈေးနှုန်း မြင့်တက်လိုက်မှုအပေါ် အခြေခံပြီး NLD ပါတီဝင်အချို့နှင့် ၈၈ မျိုးဆက်ကျောင်းသားဆိုသူများ၊ သံဃာတချို့နှင့် သာမဏေများသည် မြို့ကြီးအချို့၌ ဆူပူလှုံ့ဆော်မှုများ၊ ဆန္ဒပြမှုများကို ပြုလုပ်လာကြကြောင်း၊ ယင်းကို ပြည်ပအသံလွှင့်ဌာနများဖြစ်သော VOA, BBC, RFA နှင့် DVB အသံလွှင့်ဌာနများကလည်း တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး ဆူပူမှုကြီးထွားလာစေရန် နှုတ်ကြောင်းပေးသတင်းများကို အပ်ကြောင်းထပ် ထုတ်လွှင့်လာခဲ့ကြကြောင်း၊ ထိုကဲ့သို့ မိုးလုံးပြည့်မုသာဝါဒီများ ထုတ်လွှင့်နေကြသော မီဒီယာများနှင့် ဆူပူမှုများဖြစ်လာအောင် သွေးထိုးလှုံ့ဆော် လုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ယနေ့ကြွရောက်လာကြသော ပြည်သူလူထုကြီးတစ်ရပ်လုံးက အသိတရားရှိရှိ သတိထားဆင်ခြင်နိုင်ကြရန် ဤနေရာကနေ တိုက်တွန်းလိုက်ပါကြောင်း။

ယနေ့ ပြည်သူများအလိုလားဆုံးဆန္ဒကြီး(၃)ရပ်ရှိကြောင်း၊ ယင်းတို့မှာ ပြည်သူတိုင်းသည် ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်သည်ကို အမှန်တကယ် မြင်ချင်တွေ့ချင်သော ဆန္ဒ၊ အကြမ်းဖက်မှုများ၊ ဆန္ဒပြမှုများနှင့် ဆူဆူပူပူ ရုတ်ရုတ်သဲသဲကြားတွင် ကျီးလန့်စာစား မနေချင်သည့်ဆန္ဒနှင့် ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် နေထိုင်ပြုမူဆောင်ရွက်ခွင့်ရလိုသော ဆန္ဒတို့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြည်သူများက တရားဝင်ခွင့်ပြုချက်ရယူပြီး ဆန္ဒဖော်ထုတ်ပွဲများ ပြုလုပ်နေခြင်းကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့ စစ်ကိုင်းတိုင်းအတွင်းတွင်လည်း ရွှေဘို၊ ဝက်လက်၊ အရာတော်၊ ဒီပဲယင်း၊ ရေဦး၊ ဆားလင်းကြီး၊ ထီးချိုင့်၊ ဘုတလင်၊ ကန့်ဘလူ၊ ယင်းမာပင်၊ ကသာ၊ ပုလဲ၊ ကလေး၊ ကလေးဝ၊ မြင်းမူနှင့် ချောင်းဦးမြို့များတွင်လည်း ပြည်သူ့ဆန္ဒ ဖော်ထုတ်ပွဲများကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ကျန်မြို့နယ်များတွင်လည်း ပြည်သူ့ဆန္ဒ ဖော်ထုတ်ပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုရေးဆွဲပြဋ္ဌာန်းပြီး ပြည်လုံးကျွတ်ဆန္ဒခံယူအတည်ပြုပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများလိုလားသည့်ဆန္ဒကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

## မဏ္ဍိုင်ကြီး (၃)ရပ်

ဆက်လက်၍ ခန္တီးမြို့မှ ဒေသခံနာဂတိုင်းရင်းသူ ဒေါ်ရှနားဖိုင်းက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီး ဆောင်ရွက်နေကြသူများအား လုံးဝဆန့်ကျင်ရှုတ်ချကန့်ကွက်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် နိုင်ငံတစ်နိုင်ငံကို ထူထောင်ရာ၌ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီး(၃)ရပ်ရှိရကြောင်း၊ ဤမဏ္ဍိုင်ကြီး(၃)ရပ် အခြေခိုင်စေရန် အမျိုးသားညီလာခံကြီးကနေ အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ယခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါဝင်သော အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့် အခြေခံမူများသည် တစ်ဦးတစ်ယောက်၏ သဘောဆန္ဒ၊ အစုအဖွဲ့တစ်ခု၏သဘောဆန္ဒနှင့် ဆောင်ရွက်ခဲ့ကြခြင်းမဟုတ်ဘဲ ပြည်သူများအား ကိုယ်စားပြုထားသည့် ကိုယ်စားလှယ်များနှင့် အများသဘောတူ ဆုံးဖြတ်ဆွေးနွေး ရေးဆွဲခဲ့ကြခြင်းကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့အပြင် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏သမိုင်းအစဉ်အလာနှင့် လက်ရှိပကတိအခြေအနေများအပေါ်တွင် အခြေခံပြီး ခေတ်စနစ်၏ လိုအပ်ချက်နှင့်အညီ ရေးဆွဲခဲ့ခြင်းလည်း ဖြစ်ကြောင်း၊ ယခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဘက်ပေါင်းစုံက ရှုမြင်သုံးသပ်ပြီး ပြည်သူတစ်ရပ်လုံး ကိုယ်စားပြုရေးဆွဲမည်ဖြစ်၍ ကျယ်ပြန့် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လည်း ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကျင်းပပြီးစီးသွားခဲ့သည့် အမျိုးသားညီလာခံကြီးသည် အလောတကြီးဖြင့် ဆန္ဒစောပြီး ကျင်းပခဲ့သည့် ညီလာခံမျိုးမဟုတ်သလို အချိန်တိုအတွင်း ရေးဆွဲခြင်းနှင့် သူတစ်ပါးနိုင်ငံ၏ဥပဒေကို ပုံတူကူးချပြီး ရေးဆွဲပြဋ္ဌာန်းလိုက်သည့် အခြေခံဥပဒေမျိုးလည်း မဟုတ်ဘူးဆိုသည်ကို ရှင်းရှင်းလင်းလင်း တင်ပြလိုက်ရကြောင်း။

## အလွန်အရေးကြီး

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးအတွက် မရှိမဖြစ် အလွန်အရေးကြီးသည့် ပင်မအခြေခံပင်ဖြစ်ကြောင်း၊ ဤသို့ ရေးဆွဲရာတွင် ယခင်က ရေးဆွဲခဲ့ကြသည့် ဥပဒေနှစ်ရပ်ကို ပြန်လည်သုံးသပ်လျှင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် နယ်ချဲ့ကာလအတွင်း အချိန်တို ရေးဆွဲခဲ့ကြရ၍ အားနည်းချက်များရှိခဲ့ရပြီး ပြည်ထောင်စုခွဲထွက်ရေး ဖက်ဒရယ်မူတောင်းဆိုမှုများ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့အပြင် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုသော တစ်ပါတီစနစ်ကိုသာ အခြေခံထားသည့်ဥပဒေဖြစ်ခဲ့၍ ပြည်သူတစ်ရပ်လုံး ကိုယ်စားပြုနိုင်သည့်ဥပဒေ ဖြစ်မလာခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် (၁၅)နှစ်သက်တမ်းသာရှိခဲ့ပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း (၁၄)နှစ်သက်တမ်းသာ တည်တံ့နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဤသို့အခြေမခိုင်သည့် ဥပဒေပြဋ္ဌာန်းမှုများကို သင်ခန်းစာယူပြီး ယခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် အခြေခံမူ(၁၀၄)ချက်ပေါ်မူတည်ပြီး အသေးစိတ်အခြေခံရမည့်မူများကိုပါချမှတ်ကာ ပြည်နယ်၊ တိုင်း အသီးသီးက လူထုလူတန်းစားအလွှာအသီးသီးပါဝင်သော အစုအဖွဲ့(၈)ဖွဲ့မှ ပြည်သူ့ကိုယ်စားပြု ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော်ဖြင့် အချိန်ယူပြီး ညှိနှိုင်းဆွေးနွေး အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း။

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်

အောင်မြင်စွာကျင်းပပြီးစီးနိုင်ခဲ့သော အမျိုးသားညီလာခံကြီးက ချမှတ်ပေးထားသည့် အခြေခံမူအရ နိုင်ငံတော်ကို တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ် (၇)ခု အပြင် ‘ဝ’တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခု၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်စသည့် တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခု ဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့စစ်ကိုင်းတိုင်းအတွင်းရှိ နာဂလူမျိုးများအတွက် လေရှီးမြို့နယ်၊ လဟယ် မြို့နယ်၊ နန်းယွန်းမြို့နယ်တို့ကိုစုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိလာတော့မည်ဖြစ်ကြောင်း။

ထို့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် နိုင်ငံတော်လူဦးရေ၏ ဝ ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိသည့် လူမျိုးတိုင်းအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် ကိုယ်စားလှယ်တစ်ဦးကျစီလည်း ရရှိမည်ဖြစ်ကြောင်း၊ လူဦးရေတစ်သောင်းနှင့် အထက်ရှိသည့် တိုင်းရင်းသားလူမျိုးများသည် မိမိတို့ နေထိုင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၌ ကိုယ်စားလှယ်တစ်ဦးစီ ရရှိမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုရေးဆွဲမည့်ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ ကျော်အတွက် ရပိုင်ခွင့်များ အပြည့်အဝပေးထားသည်ဆိုသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးနှင့် အသစ်ပေါ်ထွက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုရင်း ပွဲဆူအောင်လုပ်နှ့ ပွဲလန့်တုန်းဖျာခင်းကြမည့် ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်များကိုလည်း မိမိတို့တစ်မျိုးသားလုံး စုစည်းညီညွတ်စွာဖြင့် တွန်းလှန်တိုက်ဖျက်ကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

## အတည်ပြုဆုံးဖြတ်

ယင်းနောက် သဘာပတိက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့် အဆိုပြုတင်ပြချက်နှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီး ဆောင်ရွက်နေကြသူများအား လုံးဝဆန့်ကျင်ရှုတ်ချကန့်ကွက်ကြောင်း အဆိုပြု တင်ပြချက်တို့ကို ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် အဆိုပြုတင်ပြချက်များကို ဤပြည်သူလူထုအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး(ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး(ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်(အောင်ရမည်၊ အောင်ရမည်)ဟူသော ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၈ နာရီခွဲတွင် အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

**(သတင်းစဉ်)**

# အီရတ်ပြည်သူတို့၏အနာဂတ် လမ်းစပျောက်နေ



အီရတ်နိုင်ငံ မြောက်ပိုင်း ဘေဂျီမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## အမေရိကန်တပ်စခန်း တိုက်ခိုက်ခံရ ညွှန့်ပေါင်းတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ အများအပြားဒဏ်ရာရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန်စစ်စခန်းကို ဗုဒ္ဓဟူးနေ့ညက စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်သည့်အတွက် ညွှန့်ပေါင်းတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး ၃၈ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ကြေညာသည်။

**ဖြစ်ပွား**

ဗုဒ္ဓဟူးနေ့ည အမှောင်ပျိုးပြီးနောက် စိန်ပြောင်းဖြင့်ပစ်ခတ်သံ ကိုးကြိမ်ကြားရပြီး တပ်စခန်းအတွင်း၌ ပေါက်ကွဲမှု လေးကြိမ်ဖြစ်ပွားကြောင်း ကင့်ဗစ်ထရီ တပ်စခန်းမှ အနောက်အုပ်စုလုံခြုံရေးကန်ထရိုက်တာတစ်ဦးက ပြောဆိုသည်။

အဆိုပါ ပစ်ခတ် တိုက်ခိုက်မှုကြောင့် အခြားသော တတိယနိုင်ငံမှ တပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြပါရှိသည်။ ကင့်ဗစ်ထရီတပ်စခန်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များအပြင် အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင်အချို့လည်းစခန်းချနေထိုင်ကြသည်။

**အမ်အင်န်အေ၊ ရိုက်တာ**

## အမေရိကန်သံတမန်၏ ပြောကြားချက် ဆူဒန် ပြစ်တင်ဝေဖန်

ခါတွမ် အောက်တိုဘာ ၁၂

**ဆူဒန်နိုင်ငံမြောက်ပိုင်းမှ အာဏာရ အမျိုးသားကွန်ဂရက်ပါတီ(အင်န်စီပီ) နှင့် တောင်ပိုင်းမှ ဆူဒန်ပြည်သူ့ လွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့ (အက်စ်ပီအယ်လ်အမ်)တို့အကြား မလိုမုန်းထားသော နိုင်ငံရေးအခြေအနေရှိနေသည် ဟူသော အမေရိကန်သံတမန်၏ ပြောကြားချက်များကို ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၀ရက်တွင် ပြစ်တင်ဝေဖန်လိုက်သည်။**

ဖော်ပြထား

**ဆူဒန်နိုင်ငံဆိုင်ရာ အမေရိကန် အထူးသံတမန် အင်ဒရူးနတ်ဆီအော့ဖ် ပြောကြားချက်များမှာ တိကျမှုမရှိသည့်ပြင် နှစ်ဖက်သဘောထား ကွဲလွဲချက်များကို လျော့နည်းသွားအောင် အထောက်အကူမပြုကြောင်း ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။**

ပြောကြား

**ဆူဒန်သမ္မတအယ်ဘရှားဦးဆောင်သည့် အင်န်စီပီနှင့်အက်စ်ပီအယ်လ်အမ်တို့ ၂၀၀၅ခုနှစ်က လက်မှတ်ရေးထိုးသည့် ငြိမ်းချမ်းရေးသဘောတူညီမှု ပျက်ပြားသွားမည်ကို အမေရိကန်နိုင်ငံက များစွာစိုးရိမ်မကင်းဖြစ်ကြောင်း အမေရိကန် အထူးသံတမန် နတ်ဆီအော့က ၎င်း၏ ဆူဒန်နိုင်ငံ ၁၀ရက်ခရီး အပြီးတွင် အောက်တိုဘာ ၆ ရက်က ပြောကြားသည်။**

**ထို့ပြင်လက်ရှိနိုင်ငံရေးအခြေအနေမှာ မလိုမုန်းထားမှုများရှိနေကြောင်း၊ ထို့ကြောင့် စကားစစ်ထိုးပွဲများ ရပ်တန့်ကြရမည်ဖြစ်ကြောင်း အမေရိကန် အထူးသံတမန်က ပြောကြားသည်ကို ဆူဒန်အစိုးရက တုံ့ပြန်လိုက်ခြင်းဖြစ်သည်။** အမ်အင်န်အေ၊ဆင်ဟွာ

## ဘဂ္ဂဒက်၌ လမ်းဘေးဗုံးခွဲမှုများ ခုနစ်ဦးဒဏ်ရာရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ကြာသပတေးနေ့က လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုနှစ်ခုဖြစ်ပွားသဖြင့် ခုနစ်ဦးဒဏ်ရာရရှိသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောဆိုသည်။

**ဒဏ်ရာရ**

ဘဂ္ဂဒက်မြို့ အနောက်ပိုင်း အစ္စကန်ဒေသအတွင်း ထိုနေ့မွန်းလွဲပိုင်းက အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် လမ်းဘေးဗုံးပေါက်ကွဲခြင်းဖြစ်ပြီး အရပ်သားငါးဦး ဒဏ်ရာရသွားကြောင်း အမည်မဖော်လိုသည့် အဆိုပါသတင်းရပ်ကွက်မှ ဆင်ဟွာသို့ ပြောဆိုသည်။

အီရတ်ရဲတပ်ဖွဲ့ဝင်များ မလာနိုင်အောင် အခင်းဖြစ်နေရာတစ်ဝိုက်ကို အမေရိကန်တပ်ဖွဲ့ဝင်များက ချက်ချင်းဝိုင်းလိုက်သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရမှုရှိ မရှိ ရှင်းရှင်းလင်းလင်း မသိရဟုဆိုသည်။ ယင်းကိစ္စကို အမေရိကန်စစ်ဘက်က ယခုတိုင် အတည်ပြုခြင်းမရှိသေးပေ။

**ပျက်စီး**

ထိုနေ့စောစောပိုင်းကလည်း ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်း၌ ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲသဖြင့် ရဲကားပျက်စီးသွားပြီး ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရသွားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* *တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် အောက်တိုဘာ ၁၂ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ကျေးရွာသား ခြောက်ဦး သေဆုံးပြီး နေအိမ် ၁၀လုံး ပျက်စီးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

* **ရုရှားနိုင်ငံ မော်စကိုမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် အောက်တိုဘာ ၁၀ ရက်က စပိန်နိုင်ငံ တိရစ္ဆာန်ဥယျာဉ်တစ်ခုသို့ ရွှေ့ပြောင်းရန် ဆင်သုံးကောင်ကို ထရပ်ကားတစ်စီးပေါ်သို့ တင်ဆောင်စဉ် ဆင်ထိန်းက ရိုက်နှက်မှုကြောင့် ဒေါသထွက်သော ဆင်တစ်ကောင်က တိုက်ခိုက်ရာမှ အဆိုပါ ဆင်ထိန်း သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

* *အိန္ဒိယနိုင်ငံ ချာမိုလီမြို့တွင် အောက်တိုဘာ ၁၁ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီးမတော်တဆဖြစ်ရပ်ကြောင့် မြစ်ထဲထိုးကျခဲ့ရာ ခရီးသည် ၄၁ဦးသေဆုံးသွားကြောင်း၊ လေးဦးကိုသာ ကယ်ဆယ်နိုင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

* **ကင်ညာနိုင်ငံ တောင်ပိုင်းဒေသများတွင် အောက်တိုဘာ ၁၂ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေလျှံမှုကြောင့် ဒေသခံပြည်သူ ထောင်ပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (အောက်ပုံ)





* *အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှ ခရီးသည် ၁၅၆ဦး တင်ဆောင် ပျံသန်းလာသော လေယာဉ်တစ်စင်းသည် အောက်တိုဘာ ၁၁ရက်က လေယာဉ်ကိုယ်ထည် နောက်ပိုင်း၌ မီးလောင်မှုဖြစ်ပွားရာ အစ္စတန်ဘူလ်မြို့လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရပြီး မီးငြိမ်းသတ်ခဲ့ရကြောင်း ခရီးသည်အားလုံးကို ဘေးကင်းရာသို့ အလျင်အမြန်ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။* **(အပေါ်ပုံ)**

* **ဆွစ်ဇာလန်နိုင်ငံ အရှေ့တောင်ပိုင်း ဂျူရာတောင်အနီးတွင် အောက်တိုဘာ ၁၂ရက်က ရှေးခေတ်ဒိုင်နိုဆော သတ္တဝါကြီးတစ်ကောင်၏ ခြေရာတစ်စုံကို ရှာဖွေတွေ့ရှိခဲ့ရာ သုတေသနပညာရှင်များက အဆိုပါ ခြေရာသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၂၀၀ ခန့်က ဒိုင်နိုဆော တစ်ကောင်၏ ခြေရာဖြစ်ကြောင်း ပြောကြားသည်ဟု အင်တာနက်သတင်း၌ ဖော်ပြသည်။**

* *တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် စင်တိုမြို့တွင် အောက်တိုဘာ ၁၂ ရက်က ကြွက်များချက်စားခဲ့ကြသဖြင့် အစာအဆိပ်သင့်ကာ တစ်ဦး သေဆုံးပြီး ၁၂ ဦး အော့အန်မူးဝေသည့် ဝေဒနာများခံစားခဲ့ရသဖြင့် ဆေးရုံသို့ အလျင်အမြန်တင်ပို့ခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

* **ဗီယက်နမ်နိုင်ငံ နှအင်ပြည်နယ်အလယ်ပိုင်းတွင် အောက်တိုဘာ ၁၂ရက်က ငါးဖမ်းစက်လှေတစ်စင်း၏ အင်ဂျင်စက်မှတစ်ဆင့် မတော်တဆ မီးလောင် ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဖမ်းလုပ်သားတစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

## အီရတ်မြောက်ပိုင်း၌ ကားဗုံးခွဲမှုများဖြစ်ပွား ၁၄ဦးသေဆုံးပြီး ၃၀ဒဏ်ရာရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၂**

အီရတ်နိုင်ငံမြောက်ပိုင်း ဘေဂျီမြို့၌ အောက်တိုဘာ ၉ရက် ကားဗုံးပေါက်ကွဲမှု ဖြစ်စဉ်နှစ်ရပ်တွင် ၁၄ဦးသေဆုံးပြီး ၃၀ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

**တိုက်ခိုက်**

ယင်းသို့ တိုက်ခိုက်ခြင်းမှာ မွတ်စလင်တို့၏ ရာမာဒန် ဥပုသ်လအဆုံးသတ်မည့်အခါတွင် အတိုက်အခိုက်များ အရှိန်မြှင့်သည့် လက္ခဏာဖြစ်ကြောင်း ရိုက်တာက ဖော်ပြသည်။

**ဦးတည်**

ဥပုသ်လအတွင်းတွင် အီရတ်မှ အယ်လ်ခိုင်ဒါအုပ်စုက တိုက်ခိုက် ချေမှုန်းမှုများ တိုးမြှင့်ရန်၊ အထူးသဖြင့် အစိုးရအရာရှိများနှင့်တကွ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ထားသော လူမျိုးစုခေါင်းဆောင်များကို ဦးတည်တိုက်ခိုက်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**အမ်အင်န်အေ၊ရိုက်တာ**

## အနောက်တိုင်းပုံစံ စူပါမတ်ကက်များ တိုးချဲ့ဖွင့်လှစ်မှု အိန္ဒိယနိုင်ငံ မွန်ဘိုင်း၌ဆန္ဒပြ

**မွန်ဘိုင်း အောက်တိုဘာ ၁၂**

အိန္ဒိယနိုင်ငံအတွင်းသို့ အနောက်တိုင်းပုံစံ ပုဂ္ဂလိက စူပါမတ်ကက်ဆိုင်ကြီးများ ဝင်ရောက်ဖွင့်လှစ်လာမှုကို ဆန့်ကျင်သည့်အနေဖြင့် အောက်တိုဘာ ၁၀ရက်က ကုန်သည်များ၊ လယ်သမားများနှင့် ဈေးဆိုင်ပိုင်ရှင်များ စုစုပေါင်း ၂၀၀၀၀ကျော်တို့က မွန်ဘိုင်းမြို့တွင် ဆန္ဒပြခဲ့ကြကြောင်း အိန္ဒိယ မီဒီယာများက ဖော်ပြသည်။

**ဆန္ဒပြ**

အဆိုပါဆန္ဒပြသူများက ယခုကဲ့သို့ အနောက်တိုင်းပုံစံ စူပါမတ်ကက် အရောင်းဆိုင်ကြီး ဝင်ရောက် ဖွင့်လှစ်လာမှုသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ထိခိုက်မှုဖြစ်စေကြောင်း ပြောကြားခဲ့သည်။

**ရင်းနှီးမြှုပ်နှံ**

အိန္ဒိယနိုင်ငံတွင် လာမည့် ၂၀၁၅ ခုနှစ်၌ စူပါမတ်ကက်ကြီးများ၏ အရေအတွက်သည် ယခုထက် နှစ်ဆခန့် တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမှာလည်း အမေရိကန်ဒေါ်လာ ဘီလီယံ ၃၅၀ခန့် ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ အိန္ဒိယနိုင်ငံမှနေ၍ အနောက်တိုင်းပုံစံ စူပါမတ်ကက်ကြီးများသည် ယခုရောနှောင်ပါ မရှိသင့်ကြောင်း ဆန္ဒပြသူများက အော်ဟစ် ကြွေးကြော်ခဲ့ကြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

## အီရတ်၌ ချုံခိုတိုက်ခိုက် ပိုလန်တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရ

**ဝါဆော အောက်တိုဘာ ၁၂**

အီရတ်နိုင်ငံတွင် ကြာသပတေးနေ့က ကင်းလှည့်စဉ် ချုံခိုဗုံးခွဲတိုက်ခိုက်ခံရသဖြင့် ပိုလန်တပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရသွားကြောင်း ပိုလန်သတင်းဌာန ပီအေပီက ကြေညာသည်။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားပြီးနောက်ပိုင်း အီရတ်နိုင်ငံ၌ ပိုလန်တပ်ဖွဲ့ဝင် ၂၅၀၀ အထိရှိခဲ့သည်။ ယခုအခါ တပ်ဖွဲ့ဝင်ပေါင်း ၉၀၀ ခန့်ရှိနေသည်။ အီရတ်နိုင်ငံ၌ သေဆုံးသည့် ပိုလန်တပ်ဖွဲ့ဝင် ဦးရေ ၂၀ ကျော်သွားပြီဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြ သွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၂

**နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသောကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်၊ နမ့်စန်မြို့နယ်၊ မကွေးတိုင်း မြို့သစ်မြို့၊ မန္တလေးတိုင်း မိုးကုတ်မြို့(အရှေ့ပိုင်း)နှင့် ကျပ်ပြင်မြို့(အနောက်ပိုင်း)တို့မှ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိုလိုလားသူများက အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။**

## ရပ်စောက်

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်း ပြည်သူအင်အား ၃၅၀၀၀ ခန့်တို့သည် အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီခွဲတွင် ရပ်စောက်မြို့အတွင်း လှည့်လည်၍ အမျိုးသားညီလာခံအား ထောက်ခံပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား လှိုက်လှဲစွာ ကြိုဆိုပါသည်၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ လေလှိုင်းထဲက လူသတ်သမားများ BBC, VOA သတိထား၊ အေးချမ်းမှုကို မဖျက်ဆီးပါနဲ့၊ သူ့ကျွန်မခံပါ၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ စသည့် ပိုစတာများကို ကိုင်ဆောင်ကာ ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်ဟူသော ကြွေးကြော်သံများကို ကြွေးကြော်ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

## နမ့်စန်

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့နယ်၌ ပြည်သူအင်အား ၁၂၀၀၀ ကျော်တို့သည် နမ့်စန်မြို့ မြို့နယ်အားကစားကွင်းမှ စတင်ထွက်ခွာ၍ မိုးနဲ-နမ့်စန်ကားလမ်းအတိုင်း၊ ၎င်းမှ မြို့မဈေးလမ်းဆုံနှင့် မြို့လယ် ဓမ္မာရုံရှေ့မှ ပြည်ထောင်စုလမ်းမ တစ်လျှောက် လှည့်လည်ပြီး ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ လေလှိုင်းထဲက လူသတ်သမား BBC, VOAကို သတိထား၊ ဖွံ့ဖြိုးတိုးတက်မှုကို မဖျက်ဆီးပါနှင့်၊ ကိုလိုနီလက်သစ်ဝါဒ ဒို့လက်မခံ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

## မြို့သစ်

မကွေးတိုင်း မြို့သစ်မြို့၌ ပြည်သူအင်အား ၅၀၀၀ကျော်တို့သည် အောက်တိုဘာ ၁၀ရက် နံနက်ပိုင်းတွင် မြို့သစ်မြို့ မြို့မအားကစားကွင်းမှ ဆေးရုံလမ်း၊ ဗိုလ်ချုပ်လမ်း၊ မြို့ဦးလမ်း၊ တောင်တွင်းကြီး-နတ်မောက်လမ်း၊သစ်တောလမ်း၊ ဗိုလ်မင်းရောင်လမ်းအတိုင်း၊ ၎င်းမှ ဆေးရုံလမ်းအတိုင်း မြို့မအားကစားကွင်းလမ်းတစ်လျှောက်လှည့်လည်ကာ ဒို့တာဝန်အရေး(၃)ပါး ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ပြီး အေးချမ်းမှုကို မဖျက်ဆီးပါနဲ့၊ ဖွံ့ဖြိုးတိုးတက်မှုကို မဖျက်ဆီးပါနဲ့၊ သူ့ကျွန်မခံပါ၊ ပြည်ပဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်ကြ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုရေး၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်ကို ထောက်ခံပါသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။



နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုယူဆသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး နမ့်စန်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)



## မိုးကုတ်

ထို့အပြင် မန္တလေးတိုင်း မိုးကုတ်မြို့(အရှေ့ပိုင်း)၌ ပြည်သူအင်အား ၁၅၀၀၀ ကျော်တို့က အောက်တိုဘာ ၁၀ ရက် နံနက် ၉နာရီတွင် မိုးကုတ်မိုတယ်အနီး မုံကွင်း ကွင်းပြင်မှ ကန်သာယာလမ်း၊ မင်္ဂလာလမ်း၊ မြို့မဈေးကြီးလမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလမ်း၊ ဗိုလ်ချုပ်လမ်း၊ ပတ္တမြားလမ်းတစ်လျှောက် လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ဒို့အရေးကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီးအေးချမ်းသာယာမှုကို မဖျက်ဆီးပါနဲ့၊ သူ့ကျွန်မခံပါ၊ ပြည်ပဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်ကြ၊ VOA, BBC, RFA အသံလွှင့်ချက်များကို အလိုမရှိစသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

## ကျပ်ပြင်

အလားတူ မန္တလေးတိုင်း ကျပ်ပြင်မြို့(အနောက်ပိုင်း)တွင် ပြည်သူအင်အား ၁၅၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၀ ရက်နံနက် ၉ နာရီတွင် ကျပ်ပြင်မြို့ အားကစားကွင်းမှ မိုးကုတ်-မန္တလေး လမ်း၊ ၎င်းမှ ကသည်းရပ်တောင်ကုန်းပတ်လမ်းအတိုင်း မိုးကုတ်-မန္တလေး ကားလမ်းသို့ ပြန်ရောက်ပြီး၊ ၎င်းမှ ပန်းမရပ်၊ ဂေါင်းဦးဘာရပ်၊ ကျပ်ပြင်တောင်ကုန်းပေါ်မှတစ်ဆင့် မိုးကုတ်-မန္တလေးကားလမ်းအတိုင်း၊ ၎င်းမှ ပြည်သူ့အားကစားကွင်းလမ်း တစ်လျှောက် လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုရေး ဒို့အရေး ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံများကို ကိုင်ဆောင်ကာ ဒို့တာဝန်အရေး(၃)ပါးကိုလိုနီလက်သစ်ဝါဒ ဒို့လက်မခံ၊ ပြည်ပဝင်ရောက်စွက်ဖက်မှုကိုဆန့်ကျင်ကြ၊ ဖွံ့ဖြိုးတိုးတက်မှုကို မဖျက်ဆီးပါနဲ့၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ထောက်ခံပါသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချ




**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြ သွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ယူဆသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ရပ်စောက်မြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။** (သတင်းစဉ်)

13-10 (11) 1 10/13/07, 2:27 AM



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၇၀ တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျား ဝေဠုဝန် ပရိယတ္တိ စာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ် ကျောင်းဆောင်ကြီးအတွက် မြန်အောင်မြို့နေ မိဘနှစ်ပါးဖြစ်သည့် ဦးမြင့်-ဒေါ်ဥတို့အားရည်စူး၍ သားသမီးများဖြစ်ကြသော ရန်ကုန်မြို့ သံလွင်လမ်းနေ ဦးချစ်ရှိန်-ဒေါ်ခင်ဆွေသစ်၊ မြန်အောင်မြို့နေ ဦးတင်ရွှေ-ဒေါ်လှသန်း၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အင်္ဂပူလမ်းနေ ဦးပိုက်စိုး-ဒေါ်တင်ဌေးနှင့်မြေး မိသားစုတို့က ငွေကျပ်သုံးသိန်းကို ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလှထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဂုဏ်ထူးရ အဖွဲ့ဝင်များ၏ သားသမီးများ ဂုဏ်ပြုချီးမြှင့်ပွဲတက်ရောက်

ရန်ကုန် အောက်တိုဘာ ၁၂

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ ချီးမြှင့်ထောက်ပံ့သည့် အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၀၆-၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အဖွဲ့ဝင်များ၏ သား၊သမီးများအား ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံး၌ အောက်တိုဘာ ၈ရက် နံနက် ၈နာရီက ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နာယက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဗဟိုစည်းရုံးရေးကော်မတီဝင်နှင့် ပြည်နယ်တာဝန်ခံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တောင်ကြီး၊လွိုင်လင်၊ လင်းခေးခရိုင်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့်ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူ အဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဗဟိုစည်းရုံးရေးကော်မတီမှ ထောက်ပံ့ငွေများအား သက်ဆိုင်ရာမြို့နယ် တာဝန်ခံများထံ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(က-ပ)**

# အိန္ဒိယမှ ဝယ်ယူခဲ့သောစက်ခေါင်းများ လက်ခံရယူခြင်းအခမ်းအနားကျင်းပ ကုန်စည်ပို့ဆောင်မှုမြင့်တက်စေရေး အထူးကုန်ရထားများတွင်ပြေးဆွဲမည်

ရန်ကုန် အောက်တိုဘာ ၁၂

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် အောက်တိုဘာ၈ရက် နံနက် ၉နာရီက ရန်ကုန်ဘူတာကြီး၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူခဲ့သော စက်ခေါင်းများ လက်ခံရယူခြင်းအခမ်းအနားသို့ တက်ရောက်၍ စက်ခေါင်းများကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။**

ရှေးဦးစွာ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ(စက်မှုနှင့်လျှပ်စစ်)ဦးထွန်းဦးကစက်ခေါင်းနှင့် စပ်လျဉ်းသည့်အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ RITES မှ General Manager, Mr.R.P Singh က စက်ခေါင်းနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေထံ လွှဲပြောင်းပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများက စက်ခေါင်းများကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး စက်ခေါင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ယနေ့လွှဲပြောင်းလက်ခံသည့် စက်ခေါင်းငါးခေါင်းသည် အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူထားသော မြင်းကောင်ရေ၁၃၅၀အားရှိ YDM-4 အမျိုးအစားစက်ခေါင်း ၂၀အနက်မှ ပထမ အသုတ်အဖြစ် စတင်ရောက်ရှိလာသော စက်ခေါင်းများဖြစ်သည်။

အဆိုပါစက်ခေါင်းများ၏ ထူးခြားချက်မှာ Fuel Efficient Kit၌ ပါသည့် ပစ္စည်းများကို လဲလှယ်တပ်ဆင်ပေးထားသည့်အတွက် ယခင်စက်ခေါင်းများထက် လောင်စာဆီစားနှုန်းသက်သာသွားမည်ဖြစ်သည့်အပြင် စက်ခေါင်းများတွင် Air-Brake နှင့် Rheo-static Brake ပါ တပ်ဆင်ထားသည့်အတွက် တောင်ပေါ်လမ်းပိုင်းများ သာမက ချိတ်ဆက်စနစ်ကို ပြောင်းလဲ တပ်ဆင်ခဲ့ပါလျှင် Auto Coupler တွဲဆိုင်းများကိုပါ ချိတ်ဆက် ပြေးဆွဲနိုင်မည်ဖြစ်သည်။

ထို့အတူ ယခုစမ်းသပ်မှုအရ လူစီးရထားကို လူစီးတွဲ ၁၇ တွဲဖြင့် အမြန်နှုန်းတစ်နာရီလျှင် ၄၃မိုင် ချိတ်ဆက်ပြေးဆွဲနိုင်ပြီး ကုန်ရထားတန်ချိန် ၁၂၀၀ ကို အမြန်နှုန်းတစ်နာရီလျှင် ၂၅မိုင်ဖြင့် ချိတ်ဆက် ပြေးဆွဲနိုင်ကြောင်း သိရသည်။

## အထူးကုန်ရထား

အဆိုပါရထားစက်ခေါင်းငါးခေါင်းကို လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေး၊ ကုန်စည်ပို့ဆောင်မှုလျင်မြန်ချောမွေ့ပြီး ကုန်ဈေးနှုန်းပိုမိုကျဆင်းရေး၊ ကုန်စည်ပို့ဆောင်ရေးတွင် ထူးထူးခြားခြား စွမ်းဆောင်မှုမြင့်တက်စေရေးတို့အတွက် အထူး ကုန်ရထားများတွင် ပြေးဆွဲသွားရန် စီစဉ်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်အစိုးရသည် အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ဘက်စုံ ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းတို့အနက် ရထားပို့ဆောင်ရေးကဏ္ဍသည် မည်သည့်ခေတ်နှင့်မျှမတူအောင် အမြင့်မားဆုံး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေသို့ ရောက်ရှိလျက်ရှိသည်။

လွတ်လပ်ရေးရပြီးစတွင် ရထားသံလမ်းမိုင်၂၅၆၇ ဒသမ ၉၈၊ ရထားလမ်းမိုင် ၁၇၇၁ ဒသမ ၀၀သာရှိခဲ့ပြီး နေ့စဉ် လူစီးရထား ၄၈စင်းနှင့် ကုန်ရထားငါးစင်းသာ ပြေးဆွဲနိုင်ခဲ့သည်။

## ဖျက်ဆီးခံရ

နယ်ချဲ့ဗြိတိသျှတို့သည် ပြည်ထောင်စုတိုင်းရင်းသားများအကြား သွေးခွဲသပ်လျှိုမှုအမျိုးမျိုးကို လုပ်ဆောင်ခဲ့သည့်အတွက် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော ပြည်တွင်းသောင်းကျန်းမှုများကြောင့် စက်ခေါင်း၊ တွဲ၊ ရထားလမ်း၊ တံတား အမြောက်အမြားမိုင်းခွဲဖျက်ဆီးခံရပြီး ခရီးသွားပြည်သူရာပေါင်းများစွာတို့သည်လည်း သေကျေပျက်စီးဒဏ်ရာရရှိခဲ့ကြရာ ထိုစဉ်က




**အိန္ဒိယသမ္မတနိုင်ငံ RITES ကုမ္ပဏီ General Manager, Mr.R.P-Singh မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေထံ စက်ခေါင်းနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်စဉ်။** (သတင်းစဉ်)

မြန်မာ့မီးရထားသည် နိုင်ငံလွတ်လပ်ရေးရပြီးသော်လည်း ပြည်သူတို့၏ သယ်ယူပို့ဆောင်ရေး လိုအပ်ချက်များကို ရည်မှန်းသမျှ မဖြည့်ဆည်းနိုင်ခဲ့ဘဲ ၁၉၈၈ခုနှစ်တွင် ရထားသံလမ်းမိုင် ၂၇၉၃ဒသမ၈၆၊ ရထားခရီးမိုင် ၁၉၇၆ ဒသမ ၃၅သာ ရှိခဲ့သည်။

## တိုးတက်လာ

၁၉၈၈ခုနှစ် တပ်မတော်အစိုးရလက်ထက်တွင်မူ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးလာသည်နှင့်အမျှ ယနေ့တွင် ရထားခရီးမိုင် ၃၁၄၈ဒသမ၈၆နှင့် သံလမ်းမိုင် ၄၀၉၈ ဒသမ ၅၉ မိုင်အထိ တိုးတက်လာခဲ့ပြီး ၁၉၈၈ခုနှစ်တွင် ဘူတာပေါင်း ၄၈၇ ဘူတာမှ ယခု ဘူတာပေါင်း၈၀၆ ဘူတာအထိ တိုးတက်လာကြောင်းသိရသည်။

အလားတူ ရထားသံလမ်းများ၏ အရည်အသွေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကွန်ကရစ်ဇလီဖားစက်ရုံ နှစ်ရုံ တည်ဆောက်နိုင်ခဲ့ရုံမျှမက ထပ်မံ၍ စက်ရုံလေးရုံကို တည်ဆောက်လျက်ရှိခြင်း၊ ရထားသံလမ်း သစ်တန်ချိန် ၂၄၇၃၆၆ကို ဝယ်ယူပြီး လက်ရှိသံလမ်းဟောင်းများနေရာတွင် လဲလှယ်ခြင်း၊ သံလမ်းပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သော ခေတ်မီစက်ကိရိယာများအား ဝယ်ယူပြီး ရထားလမ်းများ၏ အရည်အသွေး အဆင့်မီတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိခြင်း၊ စက်ခေါင်းစက်ရုံ၊ တွဲပြင်ရေးနှင့် တွဲတည်ဆောက်ရေးစက်ရုံတို့ ခေတ်မီရေးအတွက်လည်း စက်ကိရိယာအသစ်များ တိုးချဲ့တပ်ဆင်ရုံမျှမက စက်အစိတ်အပိုင်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း၊ ၁၉၈၈ခုနှစ်မှ ယနေ့အထိ လူစီးတွဲသစ် ၃၉၁ တွဲနှင့် ကုန်တွဲသစ် ၁၅၅တွဲတို့ကို တည်ဆောက်ခဲ့ပြီး စက်ခေါင်းသစ်များကို တည်ဆောက်နိုင်ရန် လေ့ကျင့် တည်ဆောက်မှုအနေဖြင့် စက်ခေါင်း ခုနစ်ခေါင်းကိုတည်ဆောက်ခဲ့ခြင်း စသည်များအပါအဝင် ရထားပို့ဆောင်ရေးဆိုင်ရာ ကဏ္ဍများကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**




**ဗဟန်းမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ်၊ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ရက်က အမက(၄) တွင် ကျင်းပရာ မြို့နယ်ပညာရေးမှူးဒေါ်မြင့်ကြည်က Grade - I မှ ပထမဆုရ မဖူးပွင့်ဝတီကျော်အား ဆုချီးမြှင့်စဉ်။** (မြို့နယ် ပြန်/ဆက်)

## စက်ခေါင်း

**ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့ မီးရထားက အိန္ဒိယ သမ္မတနိုင်ငံမှ ဝယ်ယူထားသော မြင်းကောင်ရေ ၁၃၅၀ အားရှိ YDM-4 အမျိုးအစား စက်ခေါင်း ငါးခေါင်းကို တွေ့ရစဉ်။** (သတင်းစဉ်)



# ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

## ရင်ခုန်စရာ ရသမျိုးစုံပေးစွမ်းမည့် တောင်အမေရိကဇုန်ခြေစစ်ပွဲ

**ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ**

ဘရာဆီးလီးယား အောက်တိုဘာ ၁၂

**ဥရောပနိုင်ငံတွေရဲ့ လိဂ်ဘောလုံးပွဲစဉ်တွေ ဒီတစ်ပတ်ရပ်နားထားပြီး ယူရို ၂၀၀၈ ခြေစစ်ပွဲတွေ ကျင်းပမှာဖြစ်သလို ကမ္ဘာ့ဘောလုံးပရိသတ်တွေအတွက် စိတ်ဝင်စားစရာဖြစ်တဲ့ ၂၀၁၀ကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့ တောင်အမေရိကဇုန်ခြေစစ် ပွဲတွေကိုလည်း အောက်တိုဘာ၁၃ရက်** (ယနေ့) **မှာ ဆက်လက်ကျင်းပမှာမို့ ပရိသတ်တွေ အတွက်ကတော့ ဘောလုံးရသမြောက်တဲ့ ပွဲစဉ်တွေကို ကြည့်ရှု ခံစားကြရဦးမှာဖြစ်ပါတယ်။**

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဇုန်အလိုက် နောက်ဆုံးဗိုလ်လုပွဲကို ဝင်ရောက်ကစားဖို့အတွက် အသင်းခွဲဝေမှုတွေကိုကြည့်ရင် ဥရောပဇုန်အတွက် ၁၃သင်း၊ အာရှဇုန်အတွက် လေးသင်းခွဲ၊ သမုဒ္ဒရာပိုင်းဇုန်အတွက် ဝဒသမ၅သင်း(တောင်အမေရိကဇုန်မှ ပဥ္စမရသည့်အသင်းနှင့် ကစားပြီးမှ ဝင်ခွင့်ရ)၊ အာဖရိကဇုန် ငါးသင်း (ခြေစစ်ပွဲဝင်ရမည် ဖြစ်သော်လည်း အိမ်ရှင်တောင်အာဖရိကနှင့်ပေါင်းလျှင် ခြောက်သင်း)၊ တောင်အမေရိကဇုန် လေးသင်းခွဲနဲ့ ကွန်ကာကပ်ဇုန်က သုံးသင်းခွဲတို့အဖြစ် ဖီဖာကခွဲဝေပေး ထားပါတယ်။ ဒါကြောင့် ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် တောင်အမေရိက ခြေစစ်ပွဲကို အခုလိုစတင်ကျင်းပ ခြင်း ဖြစ်ပါတယ်။



**အာဂျင်တီးနားအတွက် ဂိုးသွင်းပေးမည့် တိုက်စစ်မှူး တီဗက်ဇ်။**
(ဓာတ်ပုံ–အင်တာနက်)

### ကိုလံဘီယာနှင့် ဘရာဇီး

ကမ္ဘာ့ဖလား သမိုင်းမှာတော့ ဘရာဇီးတို့နဲ့ နှိုင်းယှဉ်ရင် ကိုလံဘီယာတို့က တန်းမတူပါဘူး၊ အရင်ဆုံတွေ့ဖူးတဲ့နောက်ဆုံးသုံးပွဲ ရလဒ်ကိုကြည့်ရင် ကိုလံဘီယာတို့အိမ်ကွင်းမှာ ဘရာဇီးကို တစ်ခါမှ အနိုင်မကစားခဲ့ဖူး ပါဘူး။ ဘရာဇီးအသင်း တိုက်စစ်မှာ ရော်နယ်ဒင်ဟို၊ ရော်ဘင်ဟို၊ မကြာခင်က ဟော်လန်ကလပ် ဟီရန်ဗင်းအတွက် တစ်ဦးတည်း ခုနစ်ဂိုး သွင်းခဲ့တဲ့ တိုက်စစ်မှူး အဲလ်ဗက်စ်တို့ ပါဝင်နေတာမို့ တိုက်စစ် အင်အားက ပြောစရာမရှိအောင် ကောင်းမွန်နေပါတယ်။ အလယ်တန်းမှာလည်းကာကာ၊ ဂီလ်ဘာတိုဆေးလ်ဗား၊ ဒီယေဂို၊ ဘက်တစ္စတာ၊ မင်နဲရိုးတို့ ရွေးချယ်ထားလို့ ကွင်းလယ်ကစားအားလည်း ကောင်းမွန်နေပါတယ်။

ကိုလံဘီယာအသင်းမှာ တိုက်စစ်မှူး ဖယ်လ်ကာအို၊ ခံစစ်မှူးတွေဖြစ်တဲ့ မော်စကွီရာနဲ့ ယန်ဇာပါတာတို့လို ဝါရင့်၊ သမ္မာရင့်တွေ ပါဝင်နေတာမို့ ဘရာဇီးတို့အပေါ်စီးကနေပြီး အနိုင်ရဖို့တော့လည်း မလွယ်ပါဘူး။ ကိုလံဘီယာနဲ့ ကစားတိုင်း ဘရာဇီးတို့ ခက်ခက်ခဲခဲ ကစားပြီးမှ အနိုင်ရရှိခဲ့တာချည်းပဲ ဆိုတော့ ဒီပွဲမှာလည်း အနိုင်ရနိုင် ပေမယ့် ခက်ခက်ခဲခဲ ကျော်ဖြတ်ရမှာပါ။ ဒါကြောင့် ဒီပွဲဟာ ဘရာဇီးတို့ ကပ်ပြီး အနိုင်ရနိုင်သလို သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

### အာဂျင်တီးနားနှင့် ချီလီ

ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ သုံးပွဲကိုကြည့်ရင် အာဂျင်တီးနားဟာ ချီလီကို အနိုင်ရဖို့ အတော်လေး ကြိုးစားခဲ့ရတာ တွေ့ရပါလိမ့်မယ်။ ချီလီအသင်းရှေ့တန်းမှာ တိုက်စစ်မှူး ဆာလက်စ်ကို အဓိကထားပြီး ကစားမှာ သေချာပါတယ်။ ချီလီရဲ့အလယ်တန်းမှာ ဂွန်ဇာလက်၊ ဂျီမီနက်ဇ်နဲ့ မယ်လ်ဒိုနာဒိုတို့လို ကစားသမား ကောင်းတွေရှိနေတာမို့ တိုက်စစ်ရော ကွင်းလယ်မှာပါ ထက်မြက်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။

အာဂျင်တီးနားမှာတော့ နာမည်ကြီး တိုက်စစ်မှူးတွေဖြစ်တဲ့ မန်ယူက တီဗက်ဇ်၊ အက်သလက်တီကိုအသင်းက အဂူရို၊ ဘာစီလိုနာက မက်ဆီနဲ့ ရီးရဲမက်ဒရစ်က တိုက်စစ်မှူး ဆာဗီယိုလာတို့ပါဝင်နေတာကြောင့် အကောင်းဆုံး တိုက်စစ်အနေအထားကို ပိုင်ဆိုင်ထားပါတယ်။



**ဘရာဇီး တိုက်စစ်မှူး အဲလ်ဗက်စ်။**
(ဓာတ်ပုံ–အင်တာနက်)

အာဂျင်တီးနားအလယ်တန်းမှာ လီဗာပူးက မာရှေယာနို၊ ဗီလာရီးရဲမှာ ကစားနေတဲ့ ရီကွယ်လ်မီး၊ အင်တာမီလန်မှာကစားနေတဲ့ ကမ်ဘီယာဆိုတို့လို ကစားသမားတွေလည်း ပါဝင်နေတာမို့ အာဂျင်တီးနားဟာ ချီလီထက်တော့ တစ်ဦးချင်းအပိုင်းမှာ သာလွန်နေပါတယ်။ အာဂျင်တီးနားဟာ တစ်သင်းလုံးစုစည်းမှုနဲ့ ညီညွတ်မှုအားကောင်းတဲ့အသင်းလည်းဖြစ်တာမို့ အိမ်ကွင်းမှာ အာဂျင်တီးနားတို့ပဲ အနိုင်ရသွားမယ်လို့ ထင်ပါတယ်။

### ဥရုဂွေးနှင့် ဘိုလီးဗီးယား

တောင်အမေရိကမှာတော့ ဥရုဂွေးဟာ ခြေစွမ်းထက်မြက်ပြီး အစဉ်အလာလည်းရှိတဲ့အသင်းပါပဲ။ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲသုံးပွဲကို ပြန်ကြည့်ရင် သုံးပွဲစလုံး ဥရုဂွေးတို့အနိုင်ရထားပါတယ်။ ဥရုဂွေးရဲ့ခံစစ်မှူးတွေဖြစ်တဲ့ လူဂါနို၊ ဒီယေဂိုဒင်တို့ဟာလည်း တကယ့်ခံစစ်လုံတဲ့ ကစားသမားတွေပါ။ တိုက်စစ်မှာလည်း ဆွာရက်စ်၊ အက်သလက်တီကိုမှာကစားနေတဲ့ တိုက်စစ်မှူး ဖော်လန်တို့ကစားမှာမို့ ဥရုဂွေးတိုက်စစ်ကတော့ အားကောင်းနေပါတယ်။ ဥရုဂွေးတို့က အိမ်ကွင်းမှာဆို ဘရာဇီးနဲ့ အာဂျင်တီးနားတို့လို အသင်းတွေတောင် အနိုင်ရဖို့ မလွယ်တာကြောင့် ခြေစွမ်းမတည်ငြိမ်တဲ့ ဘိုလီးဗီးယားဟာ ဥရုဂွေးကို အနိုင်ရဖို့ မလွယ်ပါဘူး။ နောက်ပြီး ကမ္ဘာ့ဖလားသမိုင်းမှာ ဘိုလီးဗီးယားတို့ဟာ တူတူတန်တန် ခြေစွမ်းမပြ နိုင်သေးတာကြောင့် တောင်အမေရိက ဇုန်မှာတော့ ဘိုလီးဗီးယားတို့ကအိမ်ဖြည့်အဆင့်ပါပဲ။

### အီကွေဒေါနှင့် ဗင်နီဇွဲလား

တောင်အမေရိကဇုန်မှာတော့ ဗင်နီဇွဲလားတို့ကတစ်ကြိမ်မှခြေစစ်ပွဲမအောင်သေးတဲ့အသင်းပါပဲ။ ပြီးခဲ့တဲ့ ခြေစစ်ပွဲတွေမှာ အီကွေဒေါနဲ့ ဆုံတိုင်း ဗင်နီဇွဲလားတို့ အမြဲရှုံးခဲ့တာချည်း ပါပဲ။ အီကွေဒေါဟာ အိမ်ကွင်းမှာ ကစားအား ကောင်းတဲ့အသင်းဖြစ်ပြီး ပြိုင်ဘက်တိုင်းကို ခြိမ်းခြောက်နိုင်တဲ့အသင်း ဖြစ်ပါတယ်။ ဗင်နီဇွဲလားမှာ အဆင့်မီတဲ့ ဘောလုံးသမားဆိုလို့ အရန်ဂို တစ်ဦးတည်းရှိနေတာမို့ ခြေမာတဲ့ အီကွေဒေါကို သရေဆိုတာ တောင်မျှော်မှန်းလို့မရနိုင်ပါဘူး။ ဒီပွဲမှာတော့ အီကွေဒေါတို့ အိမ်ကွင်းမှာ သုံးမှတ်အပြည့်ရမယ့်ပွဲလို့ ယုံကြည်နေပါတယ်။ ။

**ကိုးကား–အင်တာနက်**

## ဘော်လ်တန်လက်ထောက်နည်းပြအဖြစ်မှ ဂါရီစပိဒ်နုတ်ထွက်



**ဘော်လ်တန် လက်ထောက်နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သော ဂါရီစပိဒ်။**
(ဓာတ်ပုံ–အင်တာနက်)

**လန်ဒန် အောက်တိုဘာ ၁၂**

ဘော်လ်တန် ကွင်းလယ်ကစားသမား ဂါရီစပိဒ်သည် ပရီမီယာလိဂ်တွင် အတန်းမဆင်းရရေး ရုန်းကန်နေရသည့် ဘော်လ်တန်အသင်းတွင် လက်ထောက် နည်းပြအဖြစ် ပထမဦးဆုံး တာဝန်ယူခဲ့ရာမှနုတ်ထွက်ခဲ့ပြီဖြစ်သည်။

**ပြောကြား**

အသက် ၃၈ နှစ်ရှိ စပိဒ်သည် မေလအတွင်းက ဆမ်မီလီ၏ ခန့်အပ်မှုဖြင့် အသင်းလက်ထောက် နည်းပြတာဝန်ကို ထမ်းဆောင်ခဲ့သည်။ မိမိသည် အလုပ်မှ ထုတ်ပယ်ခံရသည်ဆိုသော သတင်းများမှာ မဟုတ်မမှန်ကြောင်း၊ မိမိသည် လက်ထောက်နည်းပြအဖြစ်မှ အောက်တိုဘာ၁၀ ရက်က နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း စပိဒ်က ဘီဘီစီသို့ ပြောကြားခဲ့သည်။ အရာရာတိုင်းသည် မိမိတို့အတွက် ကောင်းမွန်နေသည်မဟုတ်သောကြောင့် မိမိအနေဖြင့် ဘောလုံးကစားခြင်း အပေါ်တွင်သာ အာရုံစူးစိုက်လိုကြောင်း ၎င်းကပြောကြားသည်။ ရာသီအကုန်တိုင်အောင် ဘော်လ်တန်အသင်းနှင့် စာချုပ်ချုပ်ဆိုထားခဲ့သည်။

**(အင်တာနက်)**

## ကော့စတာအား အေဂျက်စ်နည်းပြအဖြစ် ခန့်အပ်

အမ်စတာဒမ် အောက်တိုဘာ ၁၂

**အက်ဒရီကော့စတာသည် ယခုနှစ်လက်ကျန်ဘောလုံးရာသီအတွက် အေဂျက်စ်အမ်စတာဒမ်၏နည်းပြအဖြစ် လွှဲပြောင်းကိုင်တွယ်လိမ့်မည်ဖြစ်ကြောင်း ဒတ်ချ်ထိပ်တန်းကလပ်ဖြစ်သည့် အေဂျက်စ်ကလပ်က အောက်တိုဘာ ၁၀ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။ ပရီမီယာလိဂ်ကလပ်ချယ်လ်ဆီးနှင့် ပြောဆိုဆွေးနွေးမှုများပြုလုပ်နေသည့် အေဂျက်အသင်း၏နည်းပြ ဟိန်ကိတ်၏ နေရာတွင် အရန်နည်းပြ ကော့စတာကို အစားထိုးခန့်အပ်လိုက်ခြင်းဖြစ်သည်။**

အလုပ်မှထုတ်ပယ်

**ယခင်က ကော့စတာသည် ဝီလင်မ်အိပ်ချ်တိလ်ဘာဂ်၊ ရော့ဒါဂျစီကာကရိတ်ဒ်၊ အိက်စ်ဆယ်ဆီယာရော့တာဒန်တို့တွင် နည်းပြအဖြစ် ဆောင်ရွက်သည်။ ၎င်းသည် နောက်ဆုံးရာသီအဖြစ်ပြီးခဲ့သော ရာသီက အာရ်ကေစီးဝါအယ်လ်စစ်ခ် အသင်းတွင် နည်းပြအဖြစ် ဆောင်ရွက်စဉ် အလုပ်မှထုတ်ပယ်ခြင်းခံခဲ့ရသည်။**

(အင်တာနက်)

**စုစည်းတင်ပြသူ – မောင်ချစ်ကြည်**



**မန်ယူ နောက်တန်းခံစစ်မှူး ဂယ်ရီနဗီးလ်။**
(ဓာတ်ပုံ–အင်တာနက်)

## လီဗာပူးနှင့်ပွဲ၌ နဗီးလ်ပြန်ကစားမည်

လန်ဒန် အောက်တိုဘာ ၁၂

**မန်ယူ နောက်တန်းခံစစ်မှူး ဂယ်ရီနဗီးလ်သည် လာမည့် ပရီမီယာလိဂ် ပွဲစဉ်ဖြစ်သည့် လီဗာပူးနှင့်ပွဲ တွင် ကြံ့ခိုင်မှု အပြည့်နှင့် ပြန်လည်ကစားနိုင်မည်ဖြစ်ကြောင်း မန်ယူ ကလပ်က အောက်တိုဘာ၁၂ရက်၌ သတင်းထုတ်ပြန်သည်။**

**အသက် ၃၂နှစ်အရွယ်ရှိ နဗီးလ်သည် ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့မှုကြောင့် ပြီးခဲ့သည့် မတ်လမှ စတင်ကာ မန်ယူ၌ ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ချေ။**

မကစားနိုင်

**နဗီးလ်သည် ပြီးခဲ့သည့် မတ်လက ဘော်လ်တန်နှင့် ပွဲတွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာကုသ နေခဲ့ရခြင်း ဖြစ်သည်။ သို့သော် မန်ယူမှ ဖလက်ချာမှာမူ ဒူးဒဏ်ရာ ရရှိနေမှုကြောင့် လောလောဆယ် မန်ယူ၌ မကစားနိုင်သေးကြောင်း သိရသည်။** (အင်တာနက်)

## ဒဗလျူဘီအေနှင့် ဒဗလျူဘီစီ လက်ရှိချန်ပီယံကက်စလာ မကြာမီ ဂျိုးကာယ်ဇာဂီနှင့် ထိုးသတ်မည်

**လန်ဒန် အောက်တိုဘာ ၁၂**

ဒဗလျူဘီအေနှင့် ဒဗလျူဘီစီ လက်ရှိချန်ပီယံ မီခေးလ် ကက်စလာက လာမည့် နိုဝင်ဘာ ၃ရက်၌ စိန်ခေါ်သူ ဂျိုးကယ်ဇာဂီအား အနိုင်ထိုးသတ်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၁ရက်၌ ပြောကြားလိုက်သည်။

ထို့အပြင် လက်ရှိကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ ကယ်ဇာဂီ၏ ၄၃ပွဲ ရှုံးပွဲမရှိ စံချိန်ကို ရပ်တန့်ပစ်မည်ဟုလည်းဆက်လက်ပြောကြားခဲ့သည်။ကယ်ဇာဂီ အနေဖြင့် တကယ်ထူးချွန်သော လက်ဝှေ့သမားတစ်ဦးဖြစ်သော်လည်း မိမိသည် သူ့ထက်ပိုမို လက်ဝှေ့ စွမ်းရည်ထက်သည့် ကမ္ဘာ့အဆင့်မီလက်ဝှေ့သမား တစ်ဦးဖြစ်ကြောင်း၊ အနိုင်ရမည်ဟု ယုံကြည်နေကြောင်းလည်း ပြောကြားသည်။



**ဒဗလျူဘီအေနှင့် ဒဗလျူဘီစီလက်ရှိချန်ပီယံ ကက်စလာ။**
(ဓာတ်ပုံ–အင်တာနက်)

မိမိသည် ပြိုင်ဘက်တိုင်းကို အထင်မသေးကြောင်း၊ သို့သော်လည်း ကယ်ဇာဂီကို လက်ဝှေ့ထိုးသတ်ရမည့်ပွဲ၌ မိမိ ယုံကြည်မှုအပြည့် ရှိနေကြောင်း ၎င်းက တွေ့ဆုံမေးမြန်းခန်း တစ်ခု၌ ပြောကြားခဲ့သည်။ **(အင်တာနက်)**

# သာယာဖြောင့်ဖြူးလျက်ရှိသော မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

မောင်ကူးသန်း

သင်မည်သည့် နေရာသို့ သွားလိုသနည်း၊ မည်သည့် လမ်းခရီးဖြင့် သွားလိုသနည်း၊ မည်သည့် ခရီးစဉ်ဖြင့် သွားလိုသနည်း ဤခရီးသွား မေးခွန်းများကို မေးလာသောအခါ ယနေ့ကာလတွင် ဘယ်လမ်း၊ ဘယ်စခန်း၊ ဘယ်သို့မြန်မြန်း အလှမ်းမဝေးတော့ပါဟု ဆိုချင်ပါသည်။ မလာချင်လျှင် ခရီးဝေး၊ လာချင်လျှင် အနီးကလေးဟု ဆိုရိုးစကားအတိုင်း သင်ခရီးသွားအဖို့ အလာမခက်အောင် လမ်း တံတားနှင့် ခရီးသည် ပို့ဆောင်ရေးကဏ္ဍကို နိုင်ငံတော်က အပြည့်အဝ ဖော်ဆောင်ပေးထားပေသည်။

မြစ်များ၊ ချောင်းများ၊ မြစ်လက်တက်များ၊ ချောင်းလက်တက်များ၊ တောင်ကုန်း၊ တောင်တန်း၊ တောင်စွယ်၊ ချောက်ကမ်းပါးများမှာ မြန်မာနိုင်ငံတွင် ဒေါင်လိုက်ရော ကန့်လန့်ဖြတ်ပါ ဖြတ်သန်းလျက် ရှိသည်။ ထိုအတားအဆီးများကို ဖြတ်သန်းလျက်ရှိသည့် တောင်တန်းများပေါ်သို့ မြွေလိမ်မြွေကောက် တက်သွားသောလမ်းများ၊ ကုန်းပြင်မြင့်ဒေသမှ လွန်းထိုး ဆင်းလာသော ရထားလမ်းများ၊ ဥမင်ကို ထိုးဖောက်သော ရထားလမ်းများ၊ မြစ်ကိုကျော်၊ ချောင်းကို ဖြတ်နေသည့် တံတားကြီးငယ် အသွယ်သွယ်များသည် မယုံနိုင်စရာ အိပ်မက်ပမာ ဖြစ်နေပေသည်။

ထိုသို့ အိပ်မက်ပမာ မယုံနိုင်စရာများမှ မကြာမြင့်မီ ကာလအတွင်းက အောင်မြင်မှုဖြစ်ရပ်များကို သိလိုက်ရခြင်းအားဖြင့် ဤသို့ ယုံနိုင်စရာ သက်သေသာဓကများ ဖြစ်လာပေသည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၇ရက်က မကွေးတိုင်း ဂန့်ဂေါမြို့နယ်တွင် ကျော–ရေမျက်နီရထားလမ်းပိုင်း ပုံညာတောင်ဥမင်ကို ဦးစွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ ဘားရုံတံတား၊ ဖေဖော်ဝါရီလ ၁၉ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် စစ်တွေဆိပ်ကမ်း၌ ဖောင်တော်ကြီး ဆိပ်ခံတံတား၊ မတ်လ ၄ရက်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ်၌ ကမ်းနားလမ်းကတ္တရာလမ်း၊ မတ်လ ၁၂ရက်တွင် စစ်ကိုင်းတိုင်း ကသာခရိုင် ထီးချိုင့်မြို့နယ်၌ မဲဇာချောင်း(ဒိုးပင်ရွာ) တံတား၊ မတ်လ ၁၆ရက်တွင် ဧရာဝတီတိုင်း ပုသိမ်ခရိုင်၌ ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်တို့ကို ဆက်သွယ်သည့် ပိတောက်ကုန်းတံတား၊ မတ်လ ၁၇ ရက်တွင် ကြိခင်း ရထားလမ်းပေါ်ရှိ ဖားတစ်ရှဉ်း တံတား၊ ထိုနေ့တွင်ပင် ကျောင်းကုန်း–ဆိပ်ကြီး ကတ္တရာလမ်း၊ မတ်လ ၃၀ရက်တွင် တောင်တွင်းကြီး မြို့နယ်၌ ဧရာဝတီတိုင်း ငွေဆောင်မြို့၌ ကတ္တရာလမ်းသစ်၊ မတ်လ ၂၀ရက်တွင် ဧရာဝတီတိုင်း ဖျာပုံမြို့နယ်၌ ဖျာပုံတံတား၊ မတ်လ ၂၀ရက်တွင် မြင်းခြံမြို့နယ်၌ မြင်းခြံ–သာပေါင်း ကတ္တရာလမ်းနှင့် သာပေါင်း တံတား၊ မတ်လ ၂၅ရက်တွင် ဧရာဝတီတိုင်း ပုသိမ်–ဟင်္သာတ–ကတ္တရာလမ်း၊ ဧပြီလ ၁၃ရက်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာကော–မိုင်းပြင်း–ကျိုင်းတုံ ကားလမ်းပေါ်ရှိ ဟွေဟင် တံတား၊ ဧပြီလ ၂၁ရက်တွင် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်တွင် ဒိုက်ဦး–စစ်တောင်း ရထားလမ်း၊ ဧပြီလ ၂၈ရက်တွင် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်၌ ငမိုးရိပ်ချောင်းကူး(ကမာကြည်) တံတား၊ မေလ ၄ရက်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်၌ ကျောက်ချောလမ်းနှင့် ကတ္တရာလမ်းသစ်များ၊ မေလ ၁၆ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၌ နမ့်ပေါင်–နမ္မချောင်းကူးတံတား၊ မေလ ၂၅ရက်တွင် ရန်ကုန်မြို့၌ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံသစ်၊ ဇွန်လ ၁ရက်တွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့၌ ပိုင်ကျုံတံတား၊ ဇွန်လ ၄ ရက်တွင် မွန်ပြည်နယ် ရေးမြို့နယ်၌ ဟံဂံတံတား၊ ဇွန်လ ၆ရက်တွင် မကွေးတိုင်း စလင်းမြို့နယ်၌ စလင်းတံတား၊ ဇူလိုင်လ ၁၈ရက်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြစ်ကြီးနား–တနိုင်း–ပန်ဆောင် လီဒိုလမ်းမကြီးပေါ်ရှိ ဒွန်ဘန်တံတား၊ စက်တင်ဘာလ ၂ရက်တွင် မကွေးတိုင်း ချောက်မြို့နယ်၌ ကြီးနီ–ချောက် ရထားလမ်းတို့ကို တစ်ခုပြီးတစ်ခု အစီအရီ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။



ကျော–ရေမျက်နီရထားလမ်းပိုင်းနှင့် ပုံညာတောင် ဥမင်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



ဒိုက်ဦး–စစ်တောင်းလမ်းပိုင်းတွင် ရထားတစ်စင်း စတင်ပြေးဆွဲနေစဉ်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

**တပ်မတော်အစိုးရက ခင်းပေးသော လမ်းများနှင့် တည်ဆောက်ပေးထားသော တံတားများ၊ ပို့ဆောင်ဆက်သွယ်ပေးထားသော နေရာဌာနများသည် မျက်မှောက်ခေတ်၌ ပြည်သူတို့ လျှောက်သော လမ်းခရီးများကို ပိုမိုသာယာ ဖြောင့်ဖြူးစေလျက်ရှိ။**

တပ်မတော် အစိုးရလက်ထက် ကာလတွင် လမ်း၊ တံတားများ အံ့မခန်း တိုးတက်ဖြစ်ထွန်းလာသည်။ ၁၉၈၈ခုနှစ်က ရထားလမ်း ခရီးမိုင် ၁၉၇၆မိုင်ကျော် ရှိခဲ့ရာမှ ယခုအခါ ရထားလမ်းခရီးမိုင် သုံးထောင်ကျော် ရှိလာသဖြင့် မိုင်တစ်ထောင်ကျော် တိုးတက်ဖြစ်ထွန်းလာသည်။ ၁၉၈၈ခုနှစ်က ဘူတာရုံ ၄၈၇ရုံရှိရာမှ ယခုအခါ ၇၉၃ရုံ ရှိလာသဖြင့် ၃၀၆ရုံ တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က ရထားလမ်း တံတား(အကြီး) ၅၄၇စင်းရှိရာမှ ယခုအခါ ၇၃၅စင်း ရှိလာသဖြင့် ၁၈၈စင်း တိုးတက်လာသည်။ ၁၉၈၈ ခုနှစ်က ပြေးလမ်း ပေ (၅၀၀၀)အထက် လေယာဉ်ကွင်း ၂၁ကွင်းရှိရာမှာ ယခုအခါ ၃၈ကွင်း ဖြစ်လာသဖြင့် ၁၇ကွင်း တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က နိုင်ငံခြားသင်္ဘော ဆိပ်ခံတံတား ၁၃စင်းရှိရာမှ ယခုအခါ ၃၇စင်း ရှိလာသဖြင့် ၂၄စင်း တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က ကားလမ်းမိုင် တစ်သောင်းသုံးထောင်ကျော်ရှိရာမှ ယခုအခါ ကားလမ်းမိုင် နှစ်သောင်းနီးပါး ဖြစ်လာသည်။ ၁၉၈၈ခုနှစ်က ပေ ၁၈၀နှင့်အထက် တံတား ၁၉၈စင်းရှိရာမှ ယခုအခါ ၄၂၆စင်း ဖြစ်လာသဖြင့် ၂၂၈စင်း တိုးတက်လာသည်။

**တပ်မတော်အစိုးရကခင်းပေးသော လမ်းများနှင့် တည်ဆောက်ပေးထားသော တံတားများ၊ ပို့ဆောင်ဆက်သွယ်ပေးထားသော နေရာဌာနများသည် မျက်မှောက်ခေတ်၌ ပြည်သူတို့လျှောက်သော လမ်းခရီးများကို ပိုမိုသာယာဖြောင့်ဖြူးစေလျက်ရှိ**ပါကြောင်း တင်ပြ လိုက်ရပါသည်။ ။



**လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် တစ်ဖက်တွင် ရထားလမ်းအသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ခရီးစဉ်အသစ်များ တိုးချဲ့ပြေးဆွဲခြင်းများ ဆောင်ရွက်သကဲ့သို့ တစ်ဖက်တွင်လည်း ဘူတာရုံများ ဥပမိရုပ်ကောင်းမွန်ရေးအတွက် မြန်မာ့မီးရထားမှ ဆောင်ရွက်ပေးလျက်ရှိရာ မော်လမြိုင်ဘူတာရုံသစ်ကြီးကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား သာယာဝတီ၌ကျင်းပ

**သာယာဝတီ အောက်တိုဘာ ၁**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် သာယာဝတီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ရွှေဆယ်ဝတီ ဘိုးဘွားရိပ်သာ၌ကျင်းပရာ ခရိုင်၊ မြို့နယ် လူမှုရေးအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**ပေးအပ်**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အဖွင့်အမှာစကား ပြောကြားပြီး**(အပေါ်ပုံ)** အဘိုး၊ အဘွား ၃၀ အား လှူဖွယ်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ထားဝယ်မြို့နယ် သုတအလင်းပြ ကျေးရွာစာကြည့်တိုက်သို့ တိုင်ကပ်နာရီနှင့် သုတစာအုပ်များပေးအပ်လှူဒါန်း

ထားဝယ် စက်တင်ဘာ ၃၀

**ထားဝယ်မြို့နယ် စာပုံနှိပ်စက်နှင့်ကွန်ပျူတာမိတ္တူလုပ်ငန်းရှင်များက ထားဝယ်မြို့နယ် စော်ဝကျေးရွာ သုတအလင်းပြ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်ပုံနှိပ်လုပ်ငန်းရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက စာအုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီးငွေကျပ်တစ်သိန်းသုံးသောင်းတစ်ထောင့်ငါးရာ တန်ဖိုးရှိ သုတစာအုပ်များနှင့် ငွေကျပ်ခြောက်ထောင်တန်ဖိုးရှိ တိုင်ကပ်နာရီတစ်လုံးကိုပေးအပ်လှူဒါန်းရာ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးထွန်းမြင့်က လက်ခံယူသည်။ **(ယာပုံ)**




ထို့နောက် ထားဝယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြို့နယ် သတင်းများ

## သက်ကြီးရွယ်အိုများနေ့ နတ်တလင်း၌ ကျင်းပ

နတ်တလင်း အောက်တိုဘာ ၆

**ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက မြို့နယ်ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။**

လှူဒါန်း

**အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲထွန်းက အဖွင့်အမှာစကား ပြောကြားပြီး အဘိုး၊ အဘွား ၂၃ ဦး တို့အား အာဟာရကျွေးမွေးကာ ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။**

(မြို့နယ် ပြန်/ဆက်)



**ရှမ်းပြည်နယ် (မြောက် ပိုင်း) ဟိုပန်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ဈေးများနှင့် ရပ်ကွက်များရှိ ဈေးဆိုင်များတွင် အိုင်အိုဒင်း ပါဝင်သော ဆားများ ရောင်းချမှု အခြေအနေကို အဖွဲ့ဝန်ထမ်းများနှင့်မြို့နယ် ကျန်းမာရေး ဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းစစ်ဆေးမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

## နမ့်ခမ်းမြို့ ဟံသာဝတီလမ်း ကျောက်ချောခင်း

**နမ့်ခမ်း စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ဟံသာဝတီလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှနှင့်အဖွဲ့ ဩဂုတ် ၂၂ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။

**ရှင်းလင်းတင်ပြ**

အဆိုပါလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**ခြင်အန္တရာယ် နှိမ်နင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် ချောင်းငယ် အမကကျောင်းဝင်းအတွင်း လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်မှုကို စက်တင်ဘာ ၇ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမြသိန်း၊ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးတင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## လမ်းလယ်ကျွန်းပြုပြင်

တာချီလိတ်မြို့ လေယာဉ်ကွင်းလမ်း လမ်းလယ်ကျွန်းများ ပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာဦး ခေါင်းဆောင်သော ပြည်သူများဖြင့် ဆောင်ရွက်မှုကို ဩဂုတ် ၁၇ ရက်က အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။ **(မြို့နယ်စည်ပင်)**



## စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် အဆောက်အအုံရရှိရေး ကျေးရွာပြည်သူများ ရပ်စောက်မြို့၌ တွေ့ဆုံဆွေးနွေး

ရပ်စောက် အောက်တိုဘာ ၁

**ရပ်စောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဟေွးကျေးရွာအုပ်စု လွယ်စင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာကြည့်တိုက် အဆောက်အအုံဖြစ်မြောက်ရေးနှင့် စာကြည့်တိုက် မှတ်ပုံတင်နိုင်ရေးအတွက် ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်က လွယ်စင်ကျေးရွာ အမကကျောင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူလှိုင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ ကျေးရွာပြည်သူများ စာပေဖတ်ရှုသည့် အလေ့အထရရှိရေး ဆွေးနွေးပြီး ဟေွးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစံပေါက်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများ ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်သွားမည့်အကြောင်း ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြသခြင်း စာဖတ်ဝိုင်းနှင့်စာပေ ဆွေးနွေးပွဲလုပ်ငန်းကို ဆက်လက်ကျင်းပကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**မိတ္ထီလာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီး အတွင်းရှိ ရေမြောင်းများ၊ ဈေးဆိုင်ခန်းများနှင့် စည်ပင်သာယာရေး အဖွဲ့ရုံးများ၊ ဝန်ထမ်း အိမ်ရာများတွင် ခြင်များ မပေါက်ပွားစေရေးအတွက် ခြင်ဆေး ဖျန်း ခြင်း လုပ် ငန်း ကို ဩဂုတ် ၉ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်း

**ကာမိုင်း စက်တင်ဘာ ၅**

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကာမိုင်းမြို့မဈေးပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် စက်တင်ဘာ ၃ရက်က ဈေးဆိုင်ခန်းများနှင့် ဈေးပတ်လည် ရေမြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးဆန်းအောင်၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြသည်။ **(၄၁၆)**



## မဟာစန္ဒာရုံ ဝိပဿနာ ဓမ္မရိပ်သာအတွက် ငွေလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အဆောင်မှူး ဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ ဦးစီးတည်ထောင်သော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်(၃) လမ်းဆုံ နွယ်ခွေလမ်းနှင့် အမှတ်(၃) လမ်းမကြီးကြားရှိ မဟာစန္ဒာရုံ ဝိပဿနာဓမ္မရိပ်သာအတွင်း တည်ဆောက်မည့် ဆရာတော်သီတင်းသုံးမည့်ကျောင်းနှင့် သိမ်တော်အတွက် အောက်တိုဘာ ၈ ရက်က မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက် ဦးဘအိုလမ်းနေ ဦးအေးမော်-ဒေါ်စိန်ငွေးမိသားစုတို့က အလှူတော်ငွေကျပ် သိန်း ၅၀ ကို ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ (ကမ္မဋ္ဌာနာစရိယ) ရှေ့မှောက်၌ လှူဒါန်းကြသည်။ **(အပေါ်ပုံ)** အဆိုပါ ရိပ်သာအတွင်း ဆရာတော်ကျောင်း၊ သိမ်၊ ဓမ္မာရုံနှင့် ယောဂီဆောင် လှူဒါန်းလိုသူများသည် ဆရာတော် ဖုန်း- ၀၉-၅၁၂-၅၄၅၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက်**
**၁၄-၁၀-၂၀၀၇ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

**နေ့လယ်ပိုင်း**

၁၀း၀၀ သုတစုံစွာသိမှတ်စရာ (အေအိုင်ဒီအက်စ်ရောဂါကာကွယ်ဆေးအကြောင်းသိကောင်းစရာ-သိပ္ပံမှူးတင်)

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မြောင်းမြမြို့နယ် ရှခင်းသာကျေးရွာမှ မိသားစု ကြက်မွေးမြူရေးလုပ်ငန်း)

၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ အသားအရေထိန်းသိမ်းမှုဟာ လျှို့ဝှက်စရာမလိုပါ)

၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) တစ်ပင်မှာ တစ်ခါပဲနားမယ် (ချိုချိုစမ်းလေး)
(၂) အမုန်းတိုင်လေးစိုက်ထားမယ် (ညိုမြလေး)
(၃) ချစ်သူမရှိတဲ့ဘ၀ဝယ် (ညွန့်ညွန့်အေး)

၁၂း၀၀ ကလေးများ၏သီချင်းဆိုပြိုင်ပွဲ (ကျောင်းတော်သား)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (မခွဲရက်တဲ့အနာဂတ်)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ဒုန်ဝန်းမြို့ပေါင်း-လဲ့လဲ့ဝင်း)

**ညနေပိုင်း**

၁၆း၁၀ နေ့စဉ်သုံးအီဒီယမ်

၁၇း၀၀ သူ့လက်သံ (အင်းစိန်မောင်အေးမြင့်၏ ဂီတာလက်သံ)

၁၇း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့အမည်ထင်ပေါ်ခြင်း-မောင်ဆုရှင်)

၁၇း၃၅ တေးရေးသူအကြိုက် (မြနဒီ)

၁၉း၁၅ ကိုယ်တိုင်ရွေးချယ်နားဆင်မယ်

၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)

၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အသည်းစကား (ကိုစိန်ဝင်း)
(၂) ချစ်အရိပ် (ခင်ညွန့်ရီ)
(၃) ငယ်ချစ်ဟောင်းနဲ့ စောင်းအိုရှင် (မောင်မျိုးတင့်)

## သိမ်နှင့် မဟာရံတံတိုင်းများ တည်ဆောက်ရေးလှူဒါန်းနိုင်

**တိုက်ကြီး အောက်တိုဘာ ၅**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဆင်စခန်းအုပ်စု ဂျိုးဖြူလမ်း အုန်းခြံအနီး ဆရာတော်ဘဒ္ဒန္တကုသလ(အစိုးရဓမ္မာစရိယ) တည်ထောင်ဆောက်လုပ်လျက်ရှိသော သစ္စာမဏ္ဍိုင်အေးငြိမ်းချမ်းသာ ဓမ္မရိပ်သာ ကျောင်းတိုက်အတွင်း လိုအပ်လျက်ရှိသော သိမ်၊ မုခ်ဦး၊ မဟာရံတံတိုင်း တစ်ခန်းလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဖုန်း-၀၁-၃၈၂၇၅၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**



မိဘနှစ်ပါးဖြစ်သော ဦးလင်ငါနှင့် ဒေါ်ကျင်ရွှေတို့အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရေကျော် ကွက်သစ်လမ်း အမှတ် ၃၂နေ ကျန်ရစ်သူ သားသမီး၊ မြေးမြစ်များက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ၀ါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်၁၁၁၀၀၀ကို အနုနာယကဆရာတော်ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ကမာရွတ် လှည်းတန်း ပြည်ရိပ်မွန်အိမ်ရာနေ သူနာပြုဆရာမကြီး ဒေါ်ရင်နု (ငြိမ်း) မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆရာတော်(သီတဂူကြာတစ်ပွင့်)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် လေးထပ်ဘောဇနဆောင် ဆောက်လုပ်ရန် အလှူငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်မြို့ အမှတ်(၈၂) နတ်မောက်လမ်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက်ဆောက်လုပ်မည့် လေးထပ်ဘောဇနဆောင်အတွက် ဓမ္မရုံသီဆရာတော် ဘဒ္ဒန္တသုနန္ဒ မိုးကုတ်မြို့က ငွေကျပ်သုံးသိန်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီး ဦးလှရွှေ-နာယကကြီး ဒေါ်လှလှ တက္ကသိုလ်ရိပ်သာလမ်းက ငွေကျပ်သိန်း ၂၀၊ ဦးကျော်နိုင်-ဒေါ်မြင့်မြင့်သန်း အေးရိပ်မွန်လမ်း လှိုင်ဘုရင့်နောင်က ငွေကျပ်ခုနစ်သိန်း၊ ဦးစံ၊သမီးဒေါ်ငွေးငွေးတို့အားရည်စူး၍ (ဦးစံ-ထမင်းဆိုင်)မိသားစု (၇)လမ်း လမ်းမတော်က ငွေကျပ် သုံးသိန်း၊ ဦးဟုတ်ကြည်-ဒေါ်တင်ဦး ပုဇွန်တောင်က ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်ဆောက်လုပ်လိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## သက်ကြီးရွယ်အိုများနေ့ ဖြူးဘိုးဘွားရိပ်သာ၌ကျင်းပ အလှူငွေနှင့် အဝတ်အထည်များ လှူဒါန်း

**ဖြူး အောက်တိုဘာ ၅**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ဖြူးမြို့ ဘိုးဘွားရိပ်သာ၌ အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

**လှူဒါန်း**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းဆိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသိန်း၊ အလှူရှင်များက ငွေကျပ်သုံးသိန်းငါးသောင်း စုစုပေါင်းငွေကျပ် ခြောက်သိန်းငါးသောင်းနှင့် အဝတ်အထည်များကို လှူဒါန်းကြသည်။

အလားတူ မြို့နယ်အတွင်း၌ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌လည်း သက်ကြီးရွယ်အို ဘိုးဘွားများကို ဖိတ်ကြား၍ လှူဒါန်းမှုများ ပြုလုပ်ခဲ့ပြီး ဖြူးဘိုးဘွားရိပ်သာအတွင်း ဘိုးဘွား ၆၀ အပါအဝင် စုစုပေါင်းဘိုးဘွား ၁၄၅ ဦးကို အလှူငွေနှင့် အဝတ်အထည်များ လှူဒါန်းကြသည်။

**ဂုဏ်ပြုလွှာ**

လှူဒါန်းမှုအစုစုနှင့်သက်ကြီးရွယ်အိုများနေ့အကြောင်းကိုအကျိုးဆောင် အတွင်းရေးမှူး ဦးဝင်းနိုင်က စာတမ်းဖတ်ကြားကာ တာဝန်ရှိသူများက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (က-ပ)**





## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

## e- Education Learning Centre

## သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

**(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ**
**(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

**၁၅-၁၀-၂၀၀၇ (တနင်္လာနေ့)**

- ❑ Teaching Short Story (2)
  - တက္ကသိုလ် ဒီကရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ
- ❑ Teaching Short Story (3)
  - တက္ကသိုလ် ဒီကရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

**၁၆-၁၀-၂၀၀၇ (အင်္ဂါနေ့)**

- ❑ Teaching Business English (1,2)
  - တက္ကသိုလ် ဒီကရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ
- ❑ Teaching Business English (3)
  - တက္ကသိုလ် ဒီကရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

**၁၇-၁၀-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

- ❑ Teaching Literature as Resource in Language Classrooms
  - တက္ကသိုလ် ဒီကရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ
- ❑ Promoting Reading Skills
  - တက္ကသိုလ် ဒီကရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

**၁၈-၁၀-၂၀၀၇ (ကြာသပတေးနေ့)**

- ❑ Teaching Listening Skills
  - တက္ကသိုလ် ဒီကရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ
- ❑ Developing Speaking Skills
  - တက္ကသိုလ် ဒီကရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

**၁၉-၁၀-၂၀၀၇ (သောကြာနေ့)**

- ❑ Developing Writing Skills
  - တက္ကသိုလ် ဒီကရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ
- ❑ Integrated Skills
  - တက္ကသိုလ် ဒီကရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

**၂၀-၁၀-၂၀၀၇ (စနေနေ့)**

- ❑ Interference and Young's Interference experiment
  - ပထမနှစ် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြု
- ❑ Applications of Diodes and LDRs
  - ပထမနှစ် ရူပဗေဒ အထူးပြု
- ❑ Geometrical Optics
  - ပထမနှစ် ရူပဗေဒ အထူးပြု
- ❑ Doppler's Effect
  - ပထမနှစ် ရူပဗေဒ အထူးပြု
- ❑ Transistor As A Switch
  - ပထမနှစ် ရူပဗေဒ အထူးပြု
- ❑ Electrical Devices
  - ပထမနှစ် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြု
- ❑ Fundamental Principles of Spectroscopy
  - ပထမနှစ် ဓာတုဗေဒ အထူးပြု
- ❑ Erosion And Deposition By Wind
  - ပထမနှစ် ပထဝီဝင် အထူးပြု
- ❑ Cognitive Development
  - ပထမနှစ် စိတ်ပညာအထူးပြု
- ❑ ရှေ့ခေတ်ပုဂံပြည်
  - ပထမနှစ် မြန်မာစာ အထူးပြု
- ❑ John Locke's Philosophical View
  - ပထမနှစ် ဒဿနိကဗေဒ အထူးပြု
- ❑ Poetry "Machines"
  - ပထမနှစ် အင်္ဂလိပ်စာ အထူးပြု

**၂၁-၁၀-၂၀၀၇ (တနင်္ဂနွေနေ့)**

- ❑ Study Guideline for Phase Rule and Phase System
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု
- ❑ Ionic Solids
  - ဒုတိယနှစ် ဓာတုဗေဒ အထူးပြု
- ❑ Isomerism
  - ဒုတိယနှစ် ဓာတုဗေဒ အထူးပြု
- ❑ Molecular Orbitals in Chemical Bonding
  - ဒုတိယနှစ် ဓာတုဗေဒ အထူးပြု
- ❑ Finance Mathematics I
  - ဒုတိယနှစ် သင်္ချာ အထူးပြု
- ❑ Centre of Gravity
  - ဒုတိယနှစ် သင်္ချာ အထူးပြု
- ❑ Linear Transformations (Linear Algebra)
  - ဒုတိယနှစ် သင်္ချာ အထူးပြု
- ❑ Permutations And combinations
  - ဒုတိယနှစ် သင်္ချာ အထူးပြု
- ❑ Obelia Comparison of polyp and medusa
  - ဒုတိယနှစ် သတ္တဗေဒ အထူးပြု
- ❑ Conservation of the Biomes
  - ဒုတိယနှစ် သတ္တဗေဒ အထူးပြု
- ❑ Palaemon
  - ဒုတိယနှစ် သတ္တဗေဒ အထူးပြု
- ❑ Mystus seenghala
  - ဒုတိယနှစ် သတ္တဗေဒ အထူးပြု

# ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

## ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

အေးချမ်းစွာနေလိုသည့် ပြည်သူများ စိုးရိမ်ပူပန်နေရသည်။
ကျောင်းသားကျောင်းသူများ၏ ပညာရေး နှောင့်နှေးကြရသည်။
ကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရသည်။
လမ်းဘေးဈေးသည်များ အရောင်းအဝယ်ပျက်ကြရသည်။
ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာရသည်။

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

အမှန်တကယ်အကျိုးရှိသူများမှာ ကိုလိုနီနယ်ချဲ့ပွဲကြီးများသာ ဖြစ်သည်။
သွေးထိုးလှုံ့ဆော်သူများ တိတ်တိတ်ပုန်း ဒေါ်လာများ ရနေသည်။
ပြည်ပြေးများ၊ ပုဆိန်ရိုးများသာ ကောင်းစားကြသည်။
နယ်ချဲ့အလိုတော်ရိများသာ ဒေါ်လာဆုကြေးများ ရနေကြသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏားများ၊ မယုံလေနဲ့ သတိထား